ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၁၉၉၁ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

ပြည်သူ့လွှတ်တော်
စာအမှတ်
နေ့စွဲ

ပြည်သူ့လွှတ်တော်
စာအမှတ်
နေ့စွဲ
စာကြည့်တိုက်

၁၉၉၁ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ

# မာတိကာ

ပြည်သူ့လွှတ်တော်
စာအမှတ်/မျက်နှာ
နေ့စွဲ
စာကြည့်တိုက်

| အမှတ်စဉ် | အကြောင်းအရာ | |
|---|---|---|

## ဥပဒေများ


၁။ ရေချိုငါးလုပ်ငန်း ဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁/၉၁)

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ .... ၂၅
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၂/၉၁)

၃။ ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ .... ၂၉
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၃/၉၁)

၄။ ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ .... ၃၉
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၄/၉၁)

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ .... ၆၁
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၁)

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၁) .... | ၇၉ |
| ၇။ | အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၁) .... | ၉၃ |
| ၈။ | ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၁) | ၉၇ |
| ၉။ | ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၁) | ၁၀၄ |
| ၁၀။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၁) | ၁၂၁ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီး လိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၁/၉၁) | ၁၂၇ |
| ၁၂။ | မြန်မာသမိုင်းအဖွဲ့ဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၂/၉၁) | ၁၃၁ |
| ၁၃။ | အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေ အမှတ် ၁၃/၉၁) | ၁၃၉ |


### နည်းဥပဒေများ

မရှိပါ။

### အမိန့်များ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဝန်ထမ်းများ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာ ပြုမူနေထိုင်ခြင်းဆိုင်ရာအမိန့် .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့် အမှတ် ၁/၉၁) | ၁၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅။ | ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် တက္ကသိုလ်ကောင်စီဖွဲ့စည်းသည့်အမိန့် .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့် အမှတ် ၂/၉၁) | ၁၅၇ |
| ၁၆။ | ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရမည့် အဖွဲ့အစည်း သတ်မှတ်သည့် အမိန့် .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့် အမှတ် ၃/၉၁) | ၁၆၃ |
| ၁၇။ | ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုနှင့် အကျင့်စာရိတ္တ ပျက်ပြားမှုနှင့် ပတ်သက်သော ပြစ်မှုများကို သတ်မှတ်သည့်အမိန့် .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့် အမှတ် ၄/၉၁) | ၁၆၇ |
| ၁၈။ | ဒုတိယစာရင်းစစ်ချုပ် ခန့်အပ်သည့်အမိန့် .... (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့် အမှတ် ၅/၉၁) | ၁၇၉ |

# မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

## ကြေညာချက်များ

၁၉။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝန်ကြီးတာဝန်ကို လွှဲပြောင်းတာဝန်ပေးအပ်ကြောင်း ကြေညာချက် .... ၁၇၇
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် ၁/၉၁)

# ရေချိုငါးလုပ်ငန်းဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ရေချိုငါးလုပ်ငန်းဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၁)

၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၁၉၉၁ ခုနှစ်၊ မတ်လ ၄ ရက်)

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) ဝန်ကြီး ဆိုသည်မှာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ခ) ဦးစီးဌာန ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဂ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဃ) ဦးစီးဌာနမှူးဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု သို့မဟုတ် မြို့နယ်ဦးစီးဌာနမှူးကို ဆိုသည်၊

(င) ရေချိုငါးလုပ်ငန်းရေပြင် ဆိုသည်မှာ မြန်မာနိုင်ငံပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည် ဖြစ်စေ ငါးများ နေထိုင်ကျက်စားခိုအောင်းမပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင် တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာ ဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချို ရေငန်စပ် ဒေသများ စသည် တို့ လည်း ပါဝင် သည်။ ထို့ပြင် ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝများ၊ ချောင်းဝများ ၌ အဝ၏ တစ်ဖက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက် ရေပြင်သည် ရေချိုငါးလုပ်ငန်း ရေပြင်ဖြစ်သည်၊

(စ) ငါး ဆိုသည်မှာ ဘဝတစ်လျှောက် လုံး တွင် သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ် ပိုင်း တွင် သော်လည်းကောင်း ရေထဲ၌ နေ ထိုင် ကျက် စား သည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်း စကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်၊

(ဆ) ငါးလုပ်ငန်း ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း

တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်၊

(ဇ) ငါးဖမ်းခြင်း ဆိုသည်မှာ ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊

(ဈ) ငါးဖမ်းကိရိယာ ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်၊

(ည) ငါးဖမ်းရေယာဉ် ဆိုသည်မှာ ငါးဖမ်းသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသော ယာဉ်များလည်း ပါဝင်သည်၊

(ဋ) ဂရန်အင်း ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(ဌ) သီးသန့်အင်း ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန် အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်

တားမြစ်ထားသောရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(ဃ) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါး လုပ် ငန်း ရေပြင် ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါး လုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ ဖြစ်စေ၊ အခြား နည်း လမ်း တစ် ရပ် ရပ် ဖြင့် ဖြစ် စေ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(င) အငှားဂရန် ဆိုသည်မှာ ဂရန်အင်း တစ်ခုခုတွင် ငါး လုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် အငှား ဂရန်ကို ဆိုသည်၊

(စ) လိုင်စင် ဆိုသည်မှာ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်၊

(ဆ) ပြန်အမ်းငွေ ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါ လိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏ အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရလျှင် ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ်အခြား ခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ် လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူက ပေးသွင်း ထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန် အခငွေကို ဆိုသည်၊

(ဇ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်—

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊
(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊
(ဂ) ရေချိုငါးလုပ်ငန်း ရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်၊
(ဃ) နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊
(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

## အခန်း (၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ခပေးဆောင်ခြင်းဖြင့် ဖြစ်စေ၊ တင်ဒါလိုင်စင် ချထားခြင်း ဖြစ်ပါက ချိတ်ပိတ်တင်ဒါဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ဂရန်အင်း လေလံတင် ရောင်းချသည့် ကိစ္စနှင့် အခြား ရေချိုငါး လုပ်ငန်း ရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာမြို့နယ်စု ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုရမည်။

၇။ မြို့နယ်စုဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင် ရောင်းချသည့် ကိစ္စနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး၏ အတည်ပြုချက် ရယူရမည်။

၈။ မြို့နယ်စု ဦးစီးဌာနမှူးသည် ပုဒ်မ ၇ အရ အတည်ပြုချက် ရယူပြီး နောက် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင် ချထား သည့် ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်း ကိရိယာ အမျိုးအစားတစ်ခုခုဖြင့် လုပ်ကိုင်လိုကြောင်း လျှောက်ထား လာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးနိုင်သည်။

## အခန်း (၄)

### နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း

၁၀။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ ငါးလုပ်ငန်း လုပ်ကိုင် လိုသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာလျှင် ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ချထားနိုင်သည်—

(က) နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်လိုသူ ပြည်ပနေ နိုင်ငံခြားသား၊

( ခ ) နိုင်ငံခြား မ တည်ငွေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ကိုင်လိုသူ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်။

၁၁။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၀ အရ လျှောက်ထားလာသည့် ကိစ္စကို ခွင့်ပြုပါက—

( က ) အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို နိုင်ငံခြားငွေဖြင့် သတ်မှတ်ရမည်၊

( ခ ) လိုအပ်သည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၁၂။ ပုဒ်မ ၁၀ အရ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားသူသည် လုပ်ကိုင်ခွင့် ရရှိပါက အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်—

( က ) ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို ပေးဆောင်ခြင်း၊

( ခ ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

( ဂ ) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာခြင်း။

## အခန်း (၅)

## အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခ ပေးဆောင်ခြင်း

၁၃။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့် လေလံကြေးဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း လက်ငင်း ငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် ဝေးလံခေါင်းပါးသောဒေသရှိ ဂရန်အင်းများနှင့် စပ်လျဉ်း၍ အင်းခွန်ကို သတ်မှတ်ပေးသည့် အရစ်ဖြင့် ပေးဆောင်စေရန် ခွင့်ပြုနိုင်သည်။

၁၅။ ဂရန်အင်းမှအပ အခြား ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေ ပေးဆောင်ရမည်။

၁၆။ ပုဒ်မ ၁၄ အရ အင်းခွန်ကို အရစ်ကျပေးဆောင်ရန်ခွင့်ပြုထားသည့် ကိစ္စတွင် ပေးဆောင်ရန်ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသောအင်းခွန်အပြင် သတ်မှတ်သည့် ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၇။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါ လုပ်ငန်းများအတွက် အင်းခွန်၊ တင်ဒါကြေးနှင့် လိုင်စင်ခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်—

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) အစိုးရဌာနတစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းမဟုတ်ဘဲ မိမိဌာန သို့မဟုတ် အဖွဲ့အစည်းရှိ ဝန်ထမ်းများ၏ စားသုံးမှုအတွက် ဆောင်ရွက်သော ငါးလုပ်ငန်း။

## အခန်း (၆)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခများကို အပြေအကျေ ပေးဆောင်ခြင်း၊

( ခ ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဦးစီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာခြင်း၊

( ဂ ) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သော ငါးလုပ်ငန်း သုတေသနကို အခမဲ့ ဆောင်ရွက်ပေးခြင်း။

၁၉။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များ မှာ အောက်ပါအတိုင်း ဖြစ်သည် —

( က ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့် အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိခြင်း၊

( ခ ) ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားနိုင်ခွင့် ရှိခြင်း။

## အခန်း (၇)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၂၀။ ဤဥပဒေအရ ဝန်ကြီးသည် နိုင်ငံတော်၏အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် —

( က ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါး လုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

( ခ ) မည်သည့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ဂ ) အခြား လျော်ကန်သင့်မြတ်သော အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း။

၂၁။ ဝန်ကြီးသည်—

(က) မည်သည့်ငါးလုပ်ငန်းကိုမဆို ကျဉ်းပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စု ဦးစီးဌာနမှူးတို့က ပြန်လည် ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

## အခန်း (ဂ)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ငါးလုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းရာသီ၊ နေရာဒေသ၊ ငါးဖမ်းကိရိယာနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဃ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း။

၂၃။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ဝေးလံခေါင်းပါးသောနေရာဒေသရှိ ဂရန်အင်းများနှင့် စပ်လျဉ်း၍ အင်းခွန်ကို အရစ်ကျပေးဆောင်စေရန် ခွင့်ပြုခြင်း၊ အရစ်ကျကာလနှင့် နှုန်းထားများ သတ်မှတ်ပေးခြင်း၊

( ခ ) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ဂ ) လိုလောက်သော အကြောင်းရှိလျှင် ဂရန်အင်းတစ်ခုခုကို လေလံဆွဲ၍ဝယ်ယူ ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍ အငှားဂရန် ချထားရန်ညွှန်ကြားခြင်း၊

( ဃ ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် တစ်ခုခုကို မမှန်မကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင် ယင်းအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် —

( က ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

( ခ ) ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြား သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြား သင့်လျော်သလို စီမံခန့်ခွဲခြင်း၊

( ဂ ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကိုဖြစ်စေ လိုလောက်သော ခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

( ဃ ) ငါးဖမ်းရေယာဉ်နှင့် ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

( င ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဘဏ်တွင် အပ်ငွေအဖြစ် ပေးသွင်းစေခြင်း။

## အခန်း (၉)

### ပြန်အမ်းငွေ လျှောက်ထားခြင်း

၂၅။ အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်စု ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်—

(က) နိုင်ငံတော်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝ ဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၆။ ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ မြို့နယ်စု ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၂၇။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စု ဦးစီးဌာနမှူးသည် ပုဒ်မ ၂၅ အရ လျှောက်ထားလာသည့် ကိစ္စနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးက ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့်အညီ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူအား ရသင့်သောပြန်အမ်းငွေ ပမာဏကို ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ရမည်။

၂၈။ ဝန်ကြီးသည် ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ်စု ဦးစီးဌာနမှူး တို့၏ ဆုံးဖြတ် နိုင် ခွင့် ထက် ကျော် လွန် သော ပြန်အမ်းငွေ လျှောက်ထားချက်များကို အဆုံးအဖြတ်ပေးရမည်။

၂၉။ ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ အရ ပြန်အမ်းငွေ ထုတ်ပေးရန် အမိန့်ချမှတ်ပါက သက်ဆိုင်ရာ မြို့နယ်စု ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့် အညီ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူအား ပြန်အမ်းငွေကို ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၁၀)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၃၀။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်—

(က) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၁)

## အယူခံခြင်း

၃၁။ (က) မြို့နယ်ဦးစီးဌာနမှူးက ငါးဖမ်းကိရိယာလိုင်စင်နှင့် စပ်လျဉ်း၍ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မြို့နယ်စု ဦးစီးဌာနမှူးထံ အယူခံနိုင်သည်၊

(ခ) မြို့နယ်စု ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (က) အရ မြို့နယ် ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ မြို့နယ်စု ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးထံ အယူခံနိုင်သည်၊

(ဃ) ပုဒ်မခွဲ (ဂ) အရ အယူခံရာတွင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးသည် မြို့နယ်စု ဦးစီးဌာနမှူး က ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူး က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အပေါ် ထပ်မံ၍ အယူခံခွင့် မရှိစေရ။

၃၂။ (က) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မြို့နယ်စု၊ ပြည်နယ် သို့မဟုတ် တိုင်း ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (က) အရ မြို့နယ်စု၊ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက ချမှတ်ထား သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အောက်ပါကိစ္စ တစ်ရပ်ရပ်နှင့် အကျုံးဝင်လျှင် ထပ်မံ၍ အယူခံခွင့် မရှိစေရ—

(၁) ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲခြင်းကိစ္စ၊

(၂) တန်ဖိုး ကျပ် ၃၀၀၀၀၀ အထိ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိစ္စ။

(ဃ) ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် တန်ဖိုး ကျပ် ၃၀၀၀၀၀ အထက် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိစ္စဖြစ်လျှင် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်၊

(င) ပုဒ်မခွဲ (ဃ) ပါကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၃၃။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့်အငှားဂရန်၊ လိုင်စင်၊ သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၃၄။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ—

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၃၅။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန် ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို သတ်မှတ် သည့်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၆။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာန၏ ခွင့်ပြုချက် မရရှိဘဲ ဆည်၊ တမံ၊ ယင်း စသောအပိတ်အဆို့၊ အတားအဆီး တစ်စုံ တစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၃၇။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၃၈။ မည်သူမျှ အင်းအိုင် သို့မဟုတ် အင်းချောင်း နယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ—

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်းမကြီး၏ ရေစီးရေလာ ပျက်ပြားစေရန် အင်းအိုင်၏ သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်း။

၃၉။ မည်သူမျှ အင်းချောင်း နယ်နိမိတ်အတွင်း သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

၄၀။ မည်သူမျှ ရေချိုငါးလုပ်ငန်း ရေပြင်တွင် ငါး၊ အခြားရေသတ္တဝါတို့အား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန် မပြုလုပ်ရ။

၄၁။ မည်သူမျှ ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်းမြောင်းများတွင် ဖြစ်စေ၊ ရေစီးလမ်းကြောင်းများထွင် ဖြစ်စေ ရေ၏ အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုလုပ်ရ။

## အခန်း (၁၃)

## ပြစ်ဒဏ်များ

၄၂။ မည်သူမဆို ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်——

(က) ငါးဖမ်းကိရိယာ လိုင်စင်မရရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၂၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈၊ ပုဒ်မ ၃၉၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၄၄။ အငှားဂရန်ရရှိသူ၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူ သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင်—

(က) ငါးဖမ်းကိရိယာ လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၃၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၃ လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်၊

(ခ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်သုံးဖြစ်စေ ကျခံစေရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုတင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် ကျပ် ၃၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၄၆။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခု ကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၄၇။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် ပြစ်ဒဏ်၏ နှစ်ဆအထိ ကျခံစေရမည်။

# အခန်း (၁၄)

## အထွေထွေ

၄၈။ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း အမိန့်ချမှတ်ပြီးဖြစ်လျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်း မပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ၊

၄၉။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ တရားရုံး တစ်ရုံးရုံးက ဤဥပဒေအရ ချမှတ်သောအမိန့်သည် ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်၏ အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၅၀။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို ပြည်သူ့ရဲတပ်ဖွဲ့က အရေးယူပိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၁။ ဦးစီးဌာနမှူးသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၅၂။ ရေချိုငါးလုပ်ငန်း ရေပြင်များနှင့် စပ်လျဉ်း၍ အငှားဂရန်နှင့် လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုခြင်းတို့ကို ဦးစီးဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၅၃။ ဦးစီးဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်း နယ်နိမိတ်ပြ မြေပုံများကို သက်ဆိုင်ရာ အစိုးရဌာနနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၂၄။ ဤဥပဒေအရ ရရန်ရှိသော အခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၂၅။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ် အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့် သော်လည်း ကောင်း၊ ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၂၆။ ရေချိုငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲအင်းအိုင်အက်ဥပဒေ၊ ယင်းအက်ဥပဒေ၏ နည်းဥပဒေများနှင့် အမိန့်ဆင့်ဆိုချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို **အစိုးရအဖွဲ့၏** သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန် နိုင်သည်။

# မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၀ )

၁၃၅၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
( ၁၉၉၀ ခုနှစ်၊ မတ်လ ၅ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (၅) အဖြစ် ဖြည့်စွက်ရမည်—

(5) The Chairman of the State Law and Order Restoration Council may:

(a) vary the licence by making it subject to such conditions and regulations as the Chairman of the State Law and Order Restoration Council thinks fit, in lieu of, or in addition to, the conditions and regulations, if any, to which the licence was formerly subject, or

(b) issue a new licence in lieu of the licence formerly granted.

# ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်
# ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃/၉၁)

ရန်ကုန်မြို့၊ ၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်
( ၁၉၉၁ ခုနှစ်၊ မတ်လ ၁၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၉၀-၉၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)

### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်၊

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၉၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၁)

| အမှတ်စဉ် | ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန် သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၁,၉၁၂,၉၂၀ | | | ၁၅,၃၉၀,၅၇၀ | | | | |
| ၂ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁,၉၅၃,၀၀၀ | | | ၁၆,၄၅၆,၆၀၀ | | | | |
| ၃ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | --- | | | ၅,၉၅၀,၀၀၀ | | | | |
| ၄ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | --- | | | ၁၈,၁၇၆,၈၀၀ | | | | |
| | | ပေါင်း | | ၅၃,၈၆၅,၉၂၀ | | | ၅၅,၉၇၃,၉၇၀ | | | | |

| အမှတ်စဉ် | ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၂ | ကာကွယ်ရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | .... | | | ၂,၅၅၆,၄၉၅,၀၀၀ | | | ၄၀,၀၀၀,၀၀၀ | |
| ၂ | ၃ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | ၁၉၁,၅၇၈,၂၃၀ | | | ၃၃၇,၁၀၁,၉၉၀ | | | | |
| ၃ | ၄ | လူမှုဝန်ထမ်း | ၎င်း | ၁၃,၀၃၁,၀၀၀ | | | ၂၅၁,၀၀၀ | | | | |
| ၄ | ၅ | ပြန်ကြားရေး | ၎င်း | .... | | | ၄၇,၃၃၁,၆၅၀ | | | | |
| ၅ | ၆ | ယဉ်ကျေးမှု | ၎င်း | .... | | | ၆၀,၂၇၉,၀၀၀ | | | | |
| ၆ | ၇ | ပညာရေး | ၎င်း | ၂၂၈,၄၀၀,၀၀၀ | | | ၆၉၀,၀၈၀,၁၇၀ | | | | |
| ၇ | ၈ | ကျန်းမာရေး | ၎င်း | .... | | | ၆၇၃,၈၈၆,၃၃၀ | | | | |
| ၈ | ၁၀ | လယ်ယာနှင့် သစ်တော | ၎င်း | ၉၇,၅၀၆,၇၀၀ | | | ၉၄,၄၆၇,၀၀၀ | | | | |
| ၉ | ၁၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၁၀,၃၈၀,၄၃၀ | | | ၂,၇၂၅,၀၀၀ | | | | |
| ၁၀ | ၁၂ | သတ္တုတွင်း | ၎င်း | .... | | | ၄,၈၂၀,၀၀၀ | | | | |
| ၁၁ | ၁၆ | ဆောက်လုပ်ရေး | ၎င်း | ၆၀၆,၁၂၄,၀၀၀ | | | ၃၂၆,၉၀၀,၃၀၀ | | | | |
| ၁၂ | ၁၇ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | ၂,၁၀၀,၀၀၀ | | | .... | | | | |
| ၁၃ | ၁၈ | ကုန်သွယ်ရေး | ၎င်း | .... | | | ၂,၀၀၇,၅၀၀ | | | | |
| ၁၄ | ၁၉ | သမဝါယမ | ၎င်း | ၂,၂၅၀,၀၀၀ | | | ၁၄,၄၆၉,၇၄၀ | | | | |
| ၁၅ | ၂၀ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၂၆,၀၁၉,၀၀၀ | | ၂,၁၁၀,၇၂၅,၇၅၀ | ၉၅,၄၅၃,၁၆၀ | ၂၀,၈၆၆,၀၀၀ | | | |
| ၁၆ | ၂၁ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၅၂,၂၆၉,၀၀၀ | | | .... | | | | |
| | | ပေါင်း ... | | ၁,၂၂၉,၆၅၀,၃၆၀ | | ၂,၁၁၀,၇၂၅,၇၅၀ | ၄,၈၇၆,၂၆၇,၈၄၀ | ၂၀,၈၆၆,၀၀၀ | | ၄၀,၀၀၀,၀၀၀ | |

| အမှတ်စဉ် | ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | ရငွေဆောင်ငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄,၉၃၉,၉၄၀,၄၀၀ | | | ၁,၁၃၅,၅၄၅.၈၆၀ | ၃၂,၀၀၀,၀၀၀ | ၁,၅၁၂,၄၀၀ | ၁၇,၅၇၁,၀၀၀ | |
| | | ပေါင်း — | | ၄,၉၃၉,၉၄၀,၄၀၀ | | | ၁,၁၃၅,၅၄၅,၈၆၀ | ၃၂,၀၀၀,၀၀၀ | ၁,၅၁၂,၄၀၀ | ၁၇,၅၇၁,၀၀၀ | |

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | ၁၉၉၀ ပြည့်နှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ - သာမန်သုံးငွေ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ - အတိုးပေးငွေ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ - ထောက်ပံ့ငွေ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ - ငွေလုံး ငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေ အတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၈ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၅၇,၃၃၆,၇၀၀ | | | ၃၆၂,၂၄၇,၁၁၀ | | | | |
| | | ပေါင်း — ၁ | | ၆၅၇,၃၃၆,၇၀၀ | | | ၃၆၂,၂၄၇,၁၁၀ | | | | |

စာအမှတ်
နေ့စွဲ

# ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
## အရအသုံးဆိုင်ရာ ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၄/၉၁)

ရန်ကုန်မြို့၊ ၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၄ ရက်
(၁၉၉၁ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၉၁-၉၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၉၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည် ရမည်။

# အပိုင်း ၂

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့က စိစစ် သုံးသပ်၍ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ ပြည်ပမှအကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များ အတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေဖြင့်မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်၊

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၁-၉၂ ခုနှစ် အကူက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## သီးသန့် ရန်ပုံငွေ

၆။ (က) နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့် ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်း ချက်များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် ကိစ္စ ဖြစ်ခြင်း

(၃) တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်း များ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်း ကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ် လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေ မရှိခြင်း၊

(ခ) သီးသန့် ရန်ပုံငွေမှ ကျခံ သုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် ကိုးရှိသို့မဟုတ် လျော့၍ရသော ရငွေများနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့် မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

# အခန်း (၃)

## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက် ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၉၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းတစ်သောင်းငါးထောင် ပမာဏထက် မပိုစေရ။

## အပိုင်း ၃

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စိမ့်ကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ကျဲညွှန်ပေါ် ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေ များ၊ စည်း မျဉ်း များ၊ စည်း ကမ်း များ၊ အ မိန့် များ၊ ညွှန်ကြားချက်များ၊ လုပ် ထုံး လုပ် နည်း များ နှင့် အညီ ဆောင်ရွက်ရမည်။

၃၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်း များ၏ လုပ်ငန်းအရ လိုအပ်လျှင် ပုဒ်မ (၃၃) နှင့် (၃၄) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင် သည်။ ထိုသို့ ငွေ များ ပြောင်း လဲ ခြင်း နှင့် စပ် လျဉ်း ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြ သော ၁၉၉၁-၉၂ ခုနှစ်အတွက် ပြင်ဆင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက် များနှင့် အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း များက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ် ပေးနိုင်သည်။

## အပိုင်း ၄

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၃၆။ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့ များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား အပ် နှင်း ထား သော လုပ် ပိုင် ခွင့် များ ကို မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ် ထုံး လုပ် နည်း များ နှင့် အ ညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့်(၈)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့ တင်ပြသော ၁၉၉၁-၉၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုး အကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်၊

( ခ ) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေး အဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန် သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၁၉။ စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့ များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက နိုင်သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၁)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ချေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အကျက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၅,၁၀၀,၄၆၀ | | — | | | | | |
| ၂ | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင် | ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၀၀ | | — | | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁,၀၀၀ | | ၁,၅၀၀ | | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၄၅,၃၀၂,၈၅၀ | | — | | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | | | ၁၀,၀၀၀ | | — | | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၂၇၃,၀၀၀ | | — | | | | | |
| | ပေါင်း | | | | ၅၀,၇၇၀,၃၁၀ | | ၁,၅၀၀ | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | ရံဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၂၄,၈၁၁,၇၄၀ | | ၃၂,၂၅၀,၀၀၀ | ၁၃၄,၄၄၆,၉၀၀ | | | | |
| ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄,၀၀၀,၀၀၀ | | .... | ၁,၃၉၄,၉၃၀ | | | | |
| ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၈,၂၉၅,၀၀၀ | | .... | ၂,၁၀၈,၇၆၀ | | | | |
| ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၇,၉၃၅,၀၀၀ | | .... | ၁၇,၃၂၇,၂၀၀ | | | | |
| ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန်ပေးသူ | ၄၀,၀၀၀,၀၀၀ | | — | ၁၀,၈၅၈,၀၇၀ | | | | |
| ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၉,၁၄၃,၀၀၀ | | — | ၃၇,၂၅၀,၇၅၀ | | | | |
| | ပေါင်း ... | | ၄၁၂,၄၃၅,၇၄၀ | | ၃၂,၂၅၀,၀၀၀ | ၂၀၃,၇၀၆,၆၁၀ | | | | |

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ချေးငွေ — တုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးငွေ — ချေးယူငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | | ပြည်တွင်း ထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၅,၀၀၀,၀၀၀ | | | | | | | | | |
| | ၂ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၆၀,၀၀၀,၀၀၀ | | | | | | | | | |
| | ၃ | မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု | | ၂၇၄,၆၀၀,၀၀၀ | | | | | | | | | |
| | ၄ | သယ်ယူပို့ဆောင်ရေးအခွန် | | ၄၁,၀၆၉,၈၀၀ | | | | | | | | | |
| | ၅ | ကုန်သွယ်လုပ်ငန်းခွန် | | ၂,၅၄၈,၆၉၅,၀၀၀ | | | | | | | | | |
| | ၆ | တံဆိပ်ခေါင်း ရောင်းရငွေများ | | ၇၆,၁၁၇,၀၀၀ | | | | | | | | | |
| ၂ | | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| | ၁ | ဝင်ငွေခွန် | | ၈၇၀,၅၁၄,၁၁၀ | | | | | | | | | |
| | ၂ | အမြတ်ခွန် | | ၅၅၁,၅၃၂,၀၀၀ | | | | | | | | | |
| ၃ | | အကောက်ခွန် | ၎င်း | | | | | | | | | | |
| | ၁ | အကောက်ခွန် | | ၁,၃၅၀,၀၀၀,၀၀၀ | | | | | | | | | |
| ၄ | | နိုင်ငံပိုင် ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့် အခွန် | | ၄၀,၉၁၃,၀၄၀ | | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၁၅,၇၀၉,၄၉၀ | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၂၁၅,၈၁၃,၅၀၀ | | | | | | | | | |
| | ၄ | ဓာတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန် | | ၅,၆၅၂,၈၆၀ | | | | | | | | | |
| | ၅ | အင်းကိုင်ခွန် | | ၁၀၆,၄၀၁,၀၀၀ | | | | | | | | | |
| | ၆ | ကြက်ပေါင်စေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၂၀၀,၀၀၀ | | | | | | | | | |
| ၅ | | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၎င်း | .... | ၁,၉၅၂,၈၄၃,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အထူးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၉၀၀,၀၀၀ | — | ၂၁၉,၀၀၀ | .... | — | — | | |
| ၇ | ကာကွယ်ရေး | ၎င်း | | | ၄၁,၇၉၀,၀၁၀ | .... | ... | ... | ... | ... | | |
| ၈ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | | | ၃၃,၄၉၄,၀၀၀ | — | ၁၁၁,၂၀၀ | ၂,၅၃၀,၀၀၀ | .... | .... | | |
| ၉ | လူမှုဝန်ထမ်း | ၎င်း | | | ၁,၃၉၃,၀၀၀ | .... | .... | ၃၄၂,၀၀၀ | .... | .... | | |
| ၁၀ | ပြန်ကြားရေး | ၎င်း | | | ၈,၂၅၃,၁၀၀ | .... | .... | ၁,၆၂၆,၀၀၀ | .... | .... | | |
| ၁၁ | ယဉ်ကျေးမှု | ၎င်း | | | ၈၇၂,၄၁၀ | .... | .... | ၁,၀၀၀,၀၀၀ | .... | .... | | |
| ၁၂ | ပညာရေး | ၎င်း | | | ၁၅၂,၉၅၂,၀၀၀ | — | — | ၆,၄၄၃,၀၀၀ | .... | ၃၃,၆၆၉,၀၀၀ | | |
| ၁၃ | ကျန်းမာရေး | ၎င်း | | | ၁၇,၂၀၀,၄၀၀ | .... | .... | ၃၉,၉၈၇,၀၀၀ | .... | ၁၃,၂၅၂,၀၀၀ | | |
| ၁၄ | အလုပ်သမား | ၎င်း | | | ၁၅,၀၀၀ | .... | ၆၀၀ | ၄၉၉,၀၀၀ | .... | .... | | |
| ၁၅ | လယ်ယာနှင့် သစ်တော | ၎င်း | | | ၂၀၁,၇၀၁,၂၀၀ | .... | ၁,၆၅၀,၀၀၀ | ၃၃,၂၀၄,၀၀၀ | .... | ၅၃,၉၀၆,၀၀၀ | | |
| ၁၆ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၂၉,၃၆၆,၀၀၀ | .... | .... | ၅,၀၀၀ | .... | .... | | |
| ၁၇ | သတ္တုတွင်း | ၎င်း | | | ၄,၄၁၉,၈၀၀ | — | ၅၀,၀၀၀ | .... | — | .... | | |
| ၁၈ | အမှတ် (၁) စက်မှု | ၎င်း | | | ၂,၁၉၉,၅၀၀ | .... | ၅၀,၀၀၀ | ၂,၂၇၆,၀၀၀ | .... | .... | | |
| ၁၉ | အမှတ် (၂) စက်မှု | ၎င်း | | | ၆၉,၄၆၀ | .... | .... | .... | .... | .... | | |
| ၂၀ | စွမ်းအင် | ၎င်း | | | .... | — | .... | ၂,၀၇၃,၀၀၀ | .... | .... | | |
| ၂၁ | ဆောက်လုပ်ရေး | ၎င်း | | | ၃၄,၀၃၃,၃၀၀ | ၅၅၀,၅၀၀ | ၃၀,၀၀၀,၀၀၀ | ၈,၁၃၀,၀၀၀ | ၁,၉၀၀,၀၀၀ | ၁၄,၀၉၀,၀၀၀ | | |
| ၂၂ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | | | ၅၅,၄၇၂,၉၂၀ | .... | .... | ၁၇,၂၆၁,၀၀၀ | — | ၄,၂၀၃,၀၀၀ | | |
| ၂၃ | ကုန်သွယ်ရေး | ၎င်း | | | ၁၈,၀၀၁,၈၀၀ | .... | .... | ၁,၇၃၁,၀၀၀ | .... | .... | | |
| ၂၄ | သမဝါယမ | ၎င်း | | | ၉,၄၄၈,၅၀၀ | .... | .... | ၁,၀၀၀ | .... | .... | | |
| ၂၅ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | ၃၄,၂၆၄,၀၀၀ | ၂၃၁,၇၁၆,၀၀၀ | ၂၀,၀၀၀ | ၁၂,၅၅၆,၀၀၀ | ၃၈၅,၆၅၃,၀၀၀ | ၈၅၂,၀၀၀ | ၃၀၉,၅၂၄,၀၀၀ | |
| ၂၆ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | | ၃၀၁,၅၀၀ | .... | .... | .... | | .... | | |
| | ပေါင်း ... | | ၆,၁၇၂,၂၀၇,၆၉၀ | ၁,၉၅၂,၈၄၃,၀၀၀ | ၆၄၀,၂၆၇,၆၉၀ | ၂၃၁,၉၆၆,၅၀၀ | ၃၂,၁၀၅,၀၀၀ | ၁၃၀,၅၄၄,၀၀၀ | ၃၈၇,၅၅၃,၀၀၀ | ၁၁၉,၉၇၂,၀၀၀ | ၃၀၉,၅၂၄,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့် ရန်ပုံငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၈,၀၃၄,၀၀၀ | | ၆၅၂,၀၀၀ | ၂၂,၉၆၉,၄၃၀ | | .... | | | |
| ၂ | ကာကွယ်ရေး | ရှင်း | ၄,၃၃၃,၂၉၉,၀၀၀ | | .... | ၂,၃၉၅,၀၉၁,၀၀၀ | | .... | ၆၈,၀၀၀,၀၀၀ | | |
| ၃ | ပြည်ထဲရေးနှင့် သာသနာရေး | ရှင်း | ၁,၀၉၄,၁၂၅,၀၀၀ | | ၅၁,၂၂၀,၄၂၀ | ၁၂၆,၉၃၇,၁၆၀ | | — | | | |
| ၄ | လူမှုဝန်ထမ်း | ရှင်း | ၂၉,၂၄၂,၀၀၀ | | ၃,၃၅၃,၀၀၀ | ၁၆,၅၂၄,၂၀၀ | | .... | | | |
| ၅ | ပြန်ကြားရေး | ရှင်း | ၁၄၆,၈၉၀,၆၀၀ | | — | ၁၉၃,၃၄၃,၉၅၀ | | .. | | | |
| ၆ | ယဉ်ကျေးမှု | ရှင်း | ၁၁,၄၄၀,၀၀၀ | | ၂,၀၀၀ | ၆၇,၉၅၁,၄၂၀ | | .... | | | |
| ၇ | ပညာရေး | ရှင်း | ၂,၄၃၇,၂၂၉,၀၀၀ | | ၄၅၇,၁၀၀ | ၄၅၄,၀၅၉,၄၀၀ | | .... | | | |
| ၈ | ကျန်းမာရေး | ရှင်း | ၆၇၂,၃၃၄,၀၀၀ | .... | ၅,၂၈၇,၄၀၀ | ၅၂၆,၉၇၂,၈၆၀ | | .. | | | |
| ၉ | အလုပ်သမား | ရှင်း | ၂၂,၄၈၀,၀၀၀ | ၆,၀၀၀ | ၉,၆၁၃,၀၀၀ | ၁၂,၀၈၉,၉၉၀ | | .... | | | |
| ၁၀ | လယ်ယာနှင့် သစ်တော | ရှင်း | ၇၇၁,၄၃၉,၀၀၀ | .... | ၁၅,၉၅၁,၅၀၀ | ၄၀၄,၉၅၇,၆၂၀ | | .... | | | |
| ၁၁ | မွေးမြူရေးနှင့် ရေလုပ်ငန်း | ရှင်း | ၆၄,၇၇၅,၂၂၀ | | — | ၆၆,၅၃၅,၀၅၀ | | .. | | | |
| ၁၂ | သတ္တုတွင်း | ရှင်း | ၃၉,၂၄၄,၄၀၀ | | — | ၁,၆၀၆,၉၅၀ | | — | | | |
| ၁၃ | အမှတ် (၁) စက်မှု | ရှင်း | ၂၅,၄၃၀,၃၂၀ | | — | ၁၂,၂၈၀,၉၅၀ | | .... | | | |
| ၁၄ | အမှတ် (၂) စက်မှု | ရှင်း | ၅၆၆,၀၀၀ | | — | ၆၀၀,၀၀၀ | | .... | | | |
| ၁၅ | စွမ်းအင် | ရှင်း | ၃,၀၄၄,၀၀၀ | | — | ၂၂,၀၆၈,၇၂၀ | .... | — | | | |
| ၁၆ | ဆောက်လုပ်ရေး | ရှင်း | ၃၀၃,၅၃၃,၀၀၀ | .... | — | ၇၂၅,၀၂၄,၀၀၀ | ၁,၅၀၀,၀၀၀ | — | | | |
| ၁၇ | ပို့ဆောင်ဆက်သွယ်ရေး | ရှင်း | ၁၀၆,၅၃၆,၀၀၀ | ၅၁၆,၀၀၀ | ၁,၀၈၂,၂၀၀ | ၁၂၂,၇၆၁,၅၂၀ | | ၁,၉၈၀,၀၀၀ | | | |
| ၁၈ | ကုန်သွယ်ရေး | ရှင်း | ၁၀,၈၉၄,၀၀၀ | — | ၂၅၀,၄၀၀ | ၁,၆၄၉,၂၈၀ | | .... | | | |
| ၁၉ | သမဝါယမ | ရှင်း | ၂၀၈,၆၆၂,၀၀၀ | .... | .... | ၁၃,၇၉၉,၈၆၀ | | .... | | | |
| ၂၀ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ရှင်း | ၁၆၂,၀၁၇,၀၀၀ | ၁၀၄,၆၆၆,၀၀၀ | ၄၀,၃၀၃,၀၀၀ | ၈၆,၅၄၅,၅၅၀ | | ၁၄၀,၇၁၆,၀၀၀ | ၃၄၁,၄၆၆,၀၀၀ | ၅၀၀,၀၀၀ | |
| ၂၁ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ရှင်း | ၆၂၀,၈၉၅,၀၀၀ | — | .... | .... | | .... | | | |
| ၂၂ | ဆုငွေများနှင့်တစ်လုံးတည်း ပင်စင်ငွေများ | ရှင်း | ၁၃၀,၅၀၀,၀၀၀ | .... | .... | .... | .... | .... | | | ၁၀၀,၀၀၀,၀၀၀ |
| ၂၃ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့် ရှိသော ဇယား (၁)၊ (၂)နှင့်(၃) တို့တွင် ဖော်ပြထားသော တာဝန်ခံသူ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | | | | | | .... | | | |
| | ပေါင်း .... | | ၁၁,၂၆၃,၆၆၇,၅၄၀ | ၁၀၅,၂၀၀,၀၀၀ | ၁၂၀,၆၄၆,၆၂၀ | ၅,၂၃၃,၇၆၀,၉၁၀ | ၁,၅၀၀,၀၀၀ | ၁၄၂,၆၉၆,၀၀၀ | ၄၀၉,၄၆၆,၀၀၀ | ၅၀၀,၀၀၀ | ၁၀၀,၀၀၀,၀၀၀ |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | အဖွဲ့အစည်းများကွင်ရှင်းနိုင်ငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | နိုင်ငံခြားအကူအညီရငွေ | ထုတ်ချေးငွေအတွက် ပြန်မရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၃၆,၄၃၅,၀၆၇,၀၀၀ | | ၅,၀၀၀,၀၀၀ | ၁၉,၁၄၆,၀၀၀ | ၁၂,၃၂၄,၀၀၀ | ၂၈၀,၃၄၀,၀၀၀ | |
| | ပေါင်း ... | | | | ၃၆,၄၃၅,၀၆၇,၀၀၀ | | ၅,၀၀၀,၀၀၀ | ၁၉,၁၄၆,၀၀၀ | ၁၂,၃၂၄,၀၀၀ | ၂၈၀,၃၄၀,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | စက်ပစ္စည်းဝယ်ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများသို့ ထည့်ဝင်ငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူမှုအတွက် ပေးသွင်းငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၅,၃၁၅,၀၇၀,၀၀၀ | | | ၂,၉၈၁,၁၄၇,၉၆၀ | ၁၂,၃၅၄,၀၀၀ | ၁,၀၂၇,၃၂၆,၀၀၀ | ၂၂၀,၀၉၁,၀၀၀ | |
| | ပေါင်း — | | ၃၅,၃၁၅,၀၇၀,၀၀၀ | | | ၂,၉၈၀,၁၄၇,၉၆၀ | ၁၂,၃၅၄,၀၀၀ | ၁,၀၂၇,၃၂၆,၀၀၀ | ၂၂၀,၀၉၁,၀၀၀ | |

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်းရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်စီမံကိန်းများရေး အဖွဲ့အစည်းများမှ ရငွေ | အခြားအသမ်းရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၈၁,၂၆၂,၀၀၀ | | ၂၇၇,၆၆၀,၉၀၀ | | ၁၀၀,၀၀၀,၀၀၀ | | | .... | | |
| ၂ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး ဌာနလက်အောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၇,၆၆၉,၅၀၀ | | ၂၉၆,၇၇၈,၅၀၀ | | .... | | | ၁၁,၀၇၅,၀၀၀ | | |
| ၃ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၃၀,၅၀၀ | | ၆,၁၈၁,၂၀၀ | | .... | | | .... | | |
| | ပေါင်း | | ၂၆၉,၆၈၇,၀၀၀ | | ၅၈၀,၆၂၀,၆၀၀ | | ၁၀၀,၀၀၀,၀၀၀ | | | ၁၁,၀၇၅,၀၀၀ | | |

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ကြွေးမြီ — ချေးယူရငွေအတွက် ပေးဆပ်ငွေ | အပြီးအစီးများသို့တင် ရင်းနှီးငွေ | စုဆောင်းငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၉၆,၈၀၇,၆၀၀ | | | ၂၅၄,၃၄၃,၆၀၀ | | ၁,၀၉၄၅,၃၀၀ | | |
| ၂ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေး အဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၃၁,၇၇၄,၀၀၀ | | | ၄၆,၀၁၂,၇၅၀ | | ၉,၀၂၃,၀၀၀ | | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၇,၆၂၃,၂၀၀ | | | ၂,၇၇၂,၂၅၀ | | | | |
| | ပေါင်း ... | | ၆၃၆,၂၀၄,၈၀၀ | | | ၃၀၃,၁၂၈,၆၀၀ | | ၁၉,၉၆၈,၃၀၀ | | |

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၅ ရက်
( ၁၉၉၁ ခုနှစ်၊ မတ်လ ၂၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၁၉၉၁-၉၂ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုး သက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (င) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(င) ရောင်းရငွေ ဆိုသည်မှာ ဤဥပဒေအရ အခွန်မကျသင့်မီ ရောင်းရန် သတ်မှတ်ထားသော ကုန်စည်၏ အရောင်း တန်ဖိုးကို လက်ငင်းဖြစ်စေ၊ ကြွေးဖြင့်ဖြစ်စေ၊ အခြား ဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကိုတင်အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်။ ကုန်စည်ချင်းလဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော ပစ္စည်းတန်ဖိုးလည်း ပါဝင်သည်၊

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃ တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (တ) အဖြစ် ဖြည့်စွက်ရမည်—

(တ) သုံးလ ဆိုသည်မှာ ဘဏ္ဍာရေးနှစ် စတင်သောကာလမှစ၍ သုံးလအလိုက် ကာလအပိုင်းအခြားကို ဆိုသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ အခန်း(၆)၏ ခေါင်းစီးတွင်ပါရှိသော "လစဉ်ကြေညာလွှာပေးပို့ခြင်းနှင့် အခွန်ပေးဆောင်ခြင်း" ဆိုသည့်စကားရပ်ကို "လစဉ်အခွန်ပေးဆောင်ခြင်းနှင့် သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ခြင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ကို အောက်ပါပုဒ်မခွဲများဖြင့် အစားထိုးရမည်—

(က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သော အခွန်ကို သက်ဆိုင်ရာလ ကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်။ ထို့အပြင် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ် ကုန်ဆုံးပြီး နောက်တစ်လအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ခ) မည်သူ့ကိုမဆို နှစ်တစ်နှစ်အတွင်း အခွန် စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိသည်ဟု ယူဆရန်အကြောင်းရှိလျှင် လစဉ်ကျသင့်သောအခွန်ငွေကို ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာကို ပေးပို့စေရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အခွန်ပေးဆောင်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ပေးဆောင်ထိုက်သည့် အခွန်ငွေထက် လျော့နည်း ပေးဆောင်သည်ဖြ

မှုဆရန်အကြောင်း ရှိလျှင်သော်လည်းကောင်း မြို့နယ် အခွန်ဦးစီးဌာနမှူးက ရရှိထားသော သတင်း အချက် အလက်များအပေါ် အခြေပြု၍ ပေးဆောင်ရန်အခွန်ငွေ သို့မဟုတ် ထပ်မံပေးဆောင်ရန်ငွေကို ခန့်မှန်းတွက်ချက် တောင်းခံနိုင်သည်။

၇။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၁ အောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၂၁-က အဖြစ် ဖြည့်စွက်ရမည်—

၂၁-က။ မည်သူမဆို ဤဥပဒေအရ အစိုးရက အမိန့်ကြော်ငြာ စာ ထုတ်ပြန်၍ ထားရှိရန်သတ်မှတ်ထားသော စာရင်းများကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးက တင်ပြရန်တောင်းဆိုသည့်အခါ လုံလောက်သော အကြောင်းမရှိဘဲ တင်ပြရန်ပျက်ကွက်လျှင် ထိုသူအား သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးသည် စည်းကြပ်မှုအရ ကျသင့်အခွန်၏ ၁၀ ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေ အဖြစ် ပေးဆောင်စေနိုင်သည်။

၈။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ အခွန် မကျသင့်စေမည့် ကုန်စည်များစာရင်းတွင်—

(က) အမှတ်စဉ် ၄၂ တွင် ပါရှိသော "လက်နက်ဥပဒေနှင့် အကျုံးဝင်သော လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အစိတ်အပိုင်းနှင့် အပိုပစ္စည်း များ၊ ယမ်းမှုန့်အမျိုးမျိုး" ဆို သည့် စ ကား ရပ် ကို "နယ်ဘက်ဌာနများသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူး အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။" ဆိုသည့်စကားရပ် ဖြင့် လည်းကောင်း၊

( ခ ) အမှတ်စဉ် ၄၇ တွင် ပါရှိသော " ကျောင်းသုံးစာအုပ် အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုး၊ ခဲတံ အမျိုးမျိုး" ဆိုသည့်စကားရပ်ကို "ကျောင်းသုံးစာအုပ် အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုး မျိုး။" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊

အစားထိုးရမည်။

၉။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၁ အခွန် မကျသင့်စေမည့် ကုန်စည်များစာရင်းတွင် အောက်ပါ ကုန်စည်များကို အမှတ်စဉ် ၆၁၊ ၆၂၊ ၆၃၊ ၆၄ နှင့် ၆၅ တို့အဖြစ် ဖြည့်စွက်ရမည်—

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၁ | ငှက်သီး။ |
| ၆၂ | နနွင်း။ |
| ၆၃ | ဂျင်း။ |
| ၆၄ | ငါး ငါးပိ။ |
| ၆၅ | မန်ကျည်းမှည့်။ |

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၏ နောက်ဆက်တွဲဇယား ၂၊ ဇယား ၃၊ ဇယား ၄၊ ဇယား ၅ နှင့် ဇယား ၆ တို့ကို အောက်ပါ ဇယား ၂၊ ဇယား ၃၊ ဇယား ၄၊ ဇယား ၅၊ ဇယား ၆ နှင့် ဇယား ၇ တို့ဖြင့် အစားထိုး ဖြည့်စွက်ရမည်—

## ဇယား ၂

### ၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ယိုမျိုးစုံ။ |
| ၂ | ပဲငါးပိ၊ ပဲငံပြာရည်နှင့် ဟင်းခတ်အချိုရည်များ။ |
| ၃ | လက်ဖက်စို၊ လက်ဖက်ခြောက်အကြမ်း။ |
| ၄ | စားသုံးရန်မဟုတ်သည့် ဝါစေ့ဆီရိုင်း၊ ဖွဲနုဆီရိုင်း စသည့် ဆီကြမ်းများ။ |
| ၅ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံး ဆေးဝါးအမျိုးမျိုး။ |
| ၆ | ထင်းမီးသွေး။ |
| ၇ | ဖောင်တိန်နှင့် ဘောပင်များ။ |
| ၈ | ချည်လုံးချည်ကြမ်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၉ | ချည်ရှပ်ဖျင်ညို။ |
| ၁၀ | ချည်ဇင်ပိတ်။ |
| ၁၁ | စွပ်ကျယ်များ။ |
| ၁၂ | ချည်ခင်။ |
| ၁၃ | အပ်ချည်လုံး (ချည်)။ |
| ၁၄ | ကျောက်ကျိုး၊ ကျောက်ပွဲ။ |
| ၁၅ | ထုံးကျောက်။ |
| ၁၆ | အခြားလမ်းခင်းကျောက်များ၊ သဲများ။ |
| ၁၇ | ပညာပေးနှင့် ကျောင်းသုံးလျှပ်စစ်ပစ္စည်းကိရိယာများ။ |
| ၁၈ | လက်သမားသုံးကိရိယာများ။ |
| ၁၉ | လယ်ယာသုံးကိရိယာများ။ |
| ၂၀ | အုန်းဆံကြိုး၊ ဂုန်နီကြိုး၊ ချည်ကြိုးနှင့် အခြားကြိုးများ။ |
| ၂၁ | အဝတ်လျှော် ဆပ်ပြာအမျိုးမျိုး။ |
| ၂၂ | ဦးထုပ်အမျိုးမျိုး။ |
| ၂၃ | အားကစားပစ္စည်းများ။ |
| ၂၄ | လက်တွန်းလှည်းများ။ |
| ၂၅ | အားကစားဝတ်ဆင်ရေး ချုပ်ပြီးအထည်များ။ |
| ၂၆ | မီသိုင်းပါသော အရက်ပြန်။ |
| ၂၇ | ဓာတ်မြေသြဇာများ။ |
| ၂၈ | ဆား။ |
| ၂၉ | ဟင်းခတ်အချိုမှုန့်။ |
| ၃၀ | ရှလကာရည်။ |
| ၃၁ | ခေါက်ဆွဲအစို၊ အခြောက်နှင့် မြူစွမ်။ |

## ၁၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်း ပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ရေခဲ။ |
| ၂ | နို့ဆီ။ |
| ၃ | မုယောနှင့် မုယောဂျုံမှုန့် (Malt and Malt Flour)။ |
| ၄ | ဆေးပေါ့လိပ်။ |
| ၅ | ပေါင်မုန့်၊ ဘီစကွတ်မုန့်နှင့် ကိတ်မုန့်များ။ |
| ၆ | မုန့်ဖုတ်ဖိုများကထုတ်လုပ်သော စားဖွယ်သောက်ဖွယ်များ။ |
| ၇ | အစားအသောက် ဆိုးဆေးများ။ |
| ၈ | အစားအသောက် အမွှေးအကြိုင်များ။ |
| ၉ | ထင်းရှူးဆီချော။ |
| ၁၀ | ကညင်ဆီ၊ ထင်းရှူးဆီ။ |
| ၁၁ | စက်ဆီ၊ ချောဆီနှင့် အခြားနေရာတွင် သီးခြားဖော်ပြ ထားခြင်းမရှိသော ရေနံထွက်ဆီများ။ |
| ၁၂ | ဘေကင်ပေါင်ဒါနှင့် တဆေး ( Yeast )။ |
| ၁၃ | ဓာတ်ဆေး၊ ဆိုးဆေး။ |
| ၁၄ | ဓာတုဗေဒ အခြေခံဓာတ်ဆေးများ။ |
| ၁၅ | ရေနံမီးသွေး။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၆ | ရေနံနှင့် ရေနံမီးသွေးမှထွက်သည့် ဓာတုဗေဒကုန်ပစ္စည်းများ။ |
| ၁၇ | ဖိနပ်အမျိုးမျိုးတွင် တပ်ဆင်သည့် ပစ္စည်းများ။ |
| ၁၈ | ကရိုးသားရေ၊ ဆိုးသားရေ၊ ဆိတ်၊ သိုးသားရေနှင့် သားရေနယ်များ။ |
| ၁၉ | ဒန်ပြား၊ ဒန်ဝိုင်း။ |
| ၂၀ | ရော်ဘာဖြင့်ပြုလုပ်သော စက်သုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ။ |
| ၂၁ | ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ။ |
| ၂၂ | ကျွန်းသစ်လုံး။ |
| ၂၃ | သစ်မာသစ်လုံး။ |
| ၂၄ | ကျွန်းနှင့် သစ်မာတိုင်နှင့် မျော။ |
| ၂၅ | သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် အခြား ပုံနှိပ်စာအုပ်၊ စာပေများ။ |
| ၂၆ | စက္ကူများနှင့် ကတ်ထူစက္ကူများ။ |
| ၂၇ | စီးကရက်စက္ကူများ။ |
| ၂၈ | မင်အမျိုးမျိုး။ |
| ၂၉ | တွယ်ချိတ်၊ တွယ်အပ်၊ ကလစ်နှင့် အခြား ရုံးသုံးပစ္စည်းကိရိယာများ။ |
| ၃၀ | ပိုးချည်ခင်။ |
| ၃၁ | ချည်တိပ်ကြိုး၊ ချည်မျှော့ကြိုး၊ ချည်တိုင်တိပ်ကြိုးများ။ |
| ၃၂ | စက်ပြင်ဝတ်စုံများ။ |
| ၃၃ | ဂေါ်ဒန်ကျောက်။ |
| ၃၄ | ဘရိတ်တီးကျောက်။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၃၅ | ဂရက်ဖိုက်။ |
| ၃၆ | ရွှံ့စေးဖြူ၊ မီးခံရွှံ့စေးနှင့် မီးခံရွှံ့စေးမှုန့်။ |
| ၃၇ | ကံ့ကူဆံ။ |
| ၃၈ | ဒိုလိုမိုက်ကျောက်။ |
| ၃၉ | မြေနီ၊ မြေဝါ၊ မြေဖြူမှုန့်။ |
| ၄၀ | ဗင်တိုနိုက်ကျောက်။ |
| ၄၁ | တာရာဇိုကျောက်။ |
| ၄၂ | ရေစေးမြေများ။ |
| ၄၃ | ခဲချော်ချေး။ |
| ၄၄ | ကျောက်တုံး (Marble)။ |
| ၄၅ | ခဲမဖြူသန့်စင်၊ အဖြိုက်နက်သန့်စင်၊ ခဲမဖြူအဖြိုက်နက်ရောရာ၊ ခဲမဖြူ အဖြိုက်နက် ရှီးလိုက်ရောရာ သန့်စင်သတ္တုများ။ |
| ၄၆ | ခဲစင်။ |
| ၄၇ | သန့်စင်သွပ်မှုန့်။ |
| ၄၈ | ကြေးနီမက်။ |
| ၄၉ | နီကယ်စပိုက်(စ်)။ |
| ၅၀ | ခနောက်စိမ်းခဲ။ |
| ၅၁ | ခနောက်စိမ်းသတ္တု။ |
| ၅၂ | သန့်စင်ဆာလ်ဖိတ်ခဲမှုန့်။ |
| ၅၃ | လွှသွားအမျိုးမျိုး။ |
| ၅၄ | ပုလင်းအမျိုးမျိုး။ |
| ၅၅ | ဂုန်နီဖျင်ပါးနှင့် ဂုန်နီအိတ်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၅၆ | စက္ကူဖြင့် လည်းကောင်း၊ စက္ကူကတ်ထူဖြင့် လည်းကောင်း ပြုလုပ်ထားသော ထုပ်ပိုးပစ္စည်းများ။ |
| ၅၇ | ပလတ်စတစ်အိတ် အမျိုးမျိုး။ |
| ၅၈ | သံဖြင့် ပြုလုပ်သော ရေစည်၊ သံပုံးနှင့် သတ္တုရည်အမျိုးမျိုးဖြင့် သုတ်ထားသော ပုံး ခွက်များ။ |
| ၅၉ | ပုလင်းအဖုံး (Crown Cork) များ။ |
| ၆၀ | ဖန်ခွက်များ။ |
| ၆၁ | မျက်မှန်၊ မျက်မှန်ကိုင်းနှင့် အရန်ပစ္စည်းများ။ |
| ၆၂ | ငါးများချိတ်များ။ |
| ၆၃ | လျှပ်စစ်ဓာတ်အား (စက်ရုံသုံးမှအပ)။ |
| ၆၄ | မရိုက်ရသေးသော ကင်မရာဖလင်များ။ |
| ၆၅ | ပန်းချီဆရာသုံး ကိရိယာတန်ဆာပလာများ။ |
| ၆၆ | ကော်ဖီမှုန့် အမျိုးမျိုး။ |
| ၆၇ | လက်ဖက်အချိုခြောက်။ |
| ၆၈ | ဖယောင်းတိုင်များ။ |
| ၆၉ | ကြက်ပေါင်စေး။ |
| ၇၀ | စက်ဘီးတာယာနှင့် ကျွတ်များ။ |
| ၇၁ | မော်တော်ကားနှင့် မော်တော်ဆိုင်ကယ်သုံး တာယာနှင့် ကျွတ်များ။ |
| ၇၂ | ရော်ဘာကွန်ပေါင်းများ။ |
| ၇၃ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် တာယာနှင့် ကျွတ်များ။ |
| ၇၄ | ယွန်းထည်အမျိုးမျိုး။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၇၅ | ချည်ချောလုံချည်များ။ |
| ၇၆ | ချည်ရှပ်ဖျင်ရောင်စုံနှင့် ပိတ်ဖြူများ။ |
| ၇၇ | ချည်စောင်များ။ |
| ၇၈ | ချည်မျက်နှာသုတ်ပဝါများ။ |
| ၇၉ | ပွင့်ရိုက်ချည်ထည်များ။ |
| ၈၀ | စားပွဲခင်း၊ လက်သုတ်ပဝါ စသည့် အိမ်သုံးအထည်များ။ |
| ၈၁ | ချည်ခြင်ထောင်ဇာများ။ |
| ၈၂ | ချည်ဇာမှအပ အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ချည်ထည်များ။ |
| ၈၃ | အားကစား ဝတ်ဆင်ရေး ချုပ်ပြီးထည်မှအပ အခြားချည် ချုပ်ပြီးထည်များ။ |
| ၈၄ | ချုပ်ပြီးခြင်ထောင်များ။ |
| ၈၅ | ထုံးနှင့် ထုံးမှုန့်များ။ |
| ၈၆ | သတ္တုဖြင့်လည်းကောင်း၊ ကြေးဖြင့်လည်းကောင်း ပြုလုပ်ထားသော အိုးခွက် အိမ်သုံးပစ္စည်းများ။ |
| ၈၇ | အိမ်မိုးသွပ်ပြားများ။ |
| ၈၈ | လယ်ယာသုံးစက်ပစ္စည်းများ။ |
| ၈၉ | ရက်ကန်းနှင့် အခြားအထည်ရက် လုပ်ငန်း၊ ချည်ထိုး လုပ်ငန်း၊ ချည်မျှင်လုပ်ငန်းသုံးစက်နှင့် စက်ပစ္စည်း ကိရိယာများ။ |
| ၉၀ | မီးချောင်း၊ မီးသီးအုပ်ဆောင်းအမျိုးမျိုးနှင့် မီးခလုတ်၊ မီးဘလော့က်များနှင့် ယင်းတို့၏အရန်ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၉၁ | မီးကြိုး၊ မီးကလစ်နှင့် အခြားအိမ်တွင်း လျှပ်စစ်ဆက်သွယ်ရေး ပစ္စည်းများ။ |
| ၉၂ | စက်မှုသုံး အပ်ချုပ်စက်များ။ |
| ၉၃ | လမ်းဆောက်လုပ်ရေး၊ လမ်းခင်း၊ လမ်းကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၉၄ | ဘက်ထရီများ (ဓာတ်ခဲခြောက်မပါ)။ |
| ၉၅ | မီးသတ်ဆေးဘူးများ။ |
| ၉၆ | ရေလောင်းအိမ်သာ၊ ရေဆွဲအိမ်သာပစ္စည်းနှင့် ယင်းတို့အတွက် တပ်ဆင်ရန်ပစ္စည်းများ။ |
| ၉၇ | ပလတ်စတစ်ဖြင့်ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၉၈ | ဘော(လ်)ဘယ်ရင်များ။ |
| ၉၉ | စက်ဘီးများ။ |
| ၁၀၀ | စက်ဘီးအရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၁ | ထရက်တာကားများ၊ အခြားစက်မှုသုံးကားများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၂ | မီးရထားခေါင်း၊ မီးရထားခေါင်းတွဲ၊ မီးရထားတွဲများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၃ | ပင်လယ်ကူးသင်္ဘော၊ အခြားသင်္ဘော၊ မော်တော်ဘုတ်နှင့် စက်ကူနာ စက်တပ်လှေကြီးများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၄ | လေယာဉ်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၀၅ | ငါးဖမ်းပိုက်များ။ |
| ၁၀၆ | ပလတ်စတစ်ဖျင်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၁၀၇ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ပလတ်စတစ်အိမ်သုံးနှင့် လူသုံးပစ္စည်းများ။ |
| ၁၀၈ | ရေနံဆီမီးဖိုနှင့် ယင်းတို့အတွက် အရန်ပစ္စည်းများ။ |
| ၁၀၉ | မိုးကာအင်္ကျီများ။ |
| ၁၁၀ | ထီးအမျိုးမျိုး။ |
| ၁၁၁ | ကင်းဘတ်ဖိနပ်၊ ခြင်းခတ်ဖိနပ်နှင့် အခြားဖိနပ်အမျိုးမျိုး။ |
| ၁၁၂ | မုယောနှင့် နို့ဖြင့်ပြုလုပ်ထားသော စားဖွယ်သောက်ဖွယ်များ (Malted milk Preparation)။ |
| ၁၁၃ | နို့အေး၊ ရေခဲမုန့်၊ ရေခဲချောင်း စသည်များ။ |
| ၁၁၄ | အိမ်သုံးလျှပ်စစ်ပစ္စည်းများ၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၁၁၅ | သကြားလုံးများ။ |
| ၁၁၆ | အချိုယမကာအမျိုးမျိုး။ |
| ၁၁၇ | ကိုယ်တိုက်ဆပ်ပြာများ။ |
| ၁၁၈ | အိမ်သုံး အပ်ချုပ်စက်များ။ |
| ၁၁၉ | သကြား။ |
| ၁၂၀ | ဘိလပ်ရည်။ |

ဇယား ၄

၂၀ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက် တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | ဇလဲတု၊ စိန်တု၊ ကျောက်တုနှင့် သွေးပြီး ချက်ကျောက်များ။ |
| ၂ | ဖန်ပန်းအိုး၊ ဖန်ပန်းခွက်၊ ဖန်ပုလင်းနှင့် ဖန်ခွက်မှအပ အခြားအိမ်သုံးဖန်ထည်ပစ္စည်းများ။ |
| ၃ | ကျောက်ပန်းအိုး၊ ကျောက်ပန်းခွက်၊ စားပွဲကျောက်ပြားများ (Marble Products)။ |
| ၄ | မာကရိုနီ။ |
| ၅ | ဆေးသကြား။ |
| ၆ | ငရုတ်ဆီနှင့် ဆော့(စ်) (Sauce) များ။ |
| ၇ | မလိုင်၊ ထောပတ်၊ ဂီးထောပတ်၊ ဒိန်ခဲများ။ |
| ၈ | ဆေးပြင်းလိပ်၊ ဆေးတံအမျိုးမျိုး။ |
| ၉ | ပရွတ်လုံး၊ ပရွတ်ခဲ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၀ | သုတ်ဆေး၊ မှုတ်ဆေး၊ အရောင်တင်ဆေးအမျိုးမျိုး။ |
| ၁၁ | ဆေးသုတ်၊ ဆေးမှုတ်နှင့် ဆေးခြယ်ရာတွင် အသုံးပြုသော ကိရိယာတန်ဆာပလာများ (ပန်းချီဆရာသုံး ပစ္စည်း ကိရိယာများမပါဝင်)။ |
| ၁၂ | ဇစ်အမျိုးမျိုးနှင့် အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် ကြယ်သီးအမျိုးမျိုး။ |
| ၁၃ | မီးခြစ်ကျောက်။ |
| ၁၄ | ဆံညှပ်၊ ဆံထိုးနှင့် ဆံပင်ကောက်ပစ္စည်းများ။ |
| ၁၅ | သွားတိုက်တံများ။ |
| ၁၆ | ခေါင်းဆပ်ပြာရည်၊ ခေါင်းဆပ်ပြာမှုန့်နှင့် ချေးချွတ်ဆေးမှုန့်။ |
| ၁၇ | ရာဘာဖြင့် ပြုလုပ်သော အိမ်သုံးပစ္စည်းအမျိုးမျိုး။ |
| ၁၈ | သစ်မာ၊ သစ်မာအထပ်သားနှင့် သစ်မာအပါးအလွှာများ။ |
| ၁၉ | စက္ကူကတ်ထူဖြင့် ပြုလုပ်သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၂၀ | စက္ကူထုပ်ပိုးပစ္စည်းမှအပ အခြားစက္ကူပစ္စည်းများ။ |
| ၂၁ | ကင်းဘတ်ဖျင်များ။ |
| ၂၂ | ဖယောင်းပုဆိုးပိတ်နှင့် ကြမ်းခင်းပိတ်များ။ |
| ၂၃ | တာပေါ်လင်ဖျင် (မိုးရေခံပတ္တူ)နှင့် မိုးကာ။ |
| ၂၄ | ဘိလပ်မြေ။ |
| ၂၅ | အုတ်၊ အုတ်ကြွပ်ပစ္စည်း၊ မီးခံအုတ်။ |
| ၂၆ | ကြွေထည်ပန်းကန်ခွက်ယောက်များ။ |
| ၂၇ | ကြွေရည်သုတ်ပန်းကန်ခွက်ယောက်များ။ |
| ၂၈ | မှန်အိမ်၊ မီးအိမ်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၂၉ | အိမ်သုံးနှင့် ရေအိမ်သုံး ကြွေထည်ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၃၀ | အိမ်ရှိက်သံ၊ လေးမြှောင့်သံများ။ |
| ၃၁ | မှတ်ဆိတ်ရိတ်ဓား၊ သင်တုန်းဓားနှင့် ကတ်ကြေးများ။ |
| ၃၂ | သော့ခလောက်၊ သော့အိမ်နှင့် သော့များ။ |
| ၃၃ | ပရိဘောဂနှင့် သေတ္တာများတွင် တပ်ဆင်သည့်ကုန်မာ တန်ဆာပလာများ။ |
| ၃၄ | သံ၊ သံမဏိပြားအထူ၊ အပါးနှင့် သတ္တုအရည် သုတ်ထားသည့် သံ၊ သံမဏိပြားများ။ |
| ၃၅ | သံ၊ သံမဏိဖြင့် ပြုလုပ်သော မူလီ၊ ဝက်အူ၊ ဘိုနပ် စသည်များ။ |
| ၃၆ | သံ၊ သံမဏိတိုင်၊ ထုပ်၊ ပိုက်လုံး၊ သံချောင်း၊ သံဝါယာပစ္စည်း စသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၃၇ | သံ၊ သံမဏိမှအပ အခြားသတ္တုဖြင့် ပြုလုပ်ထား သည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၃၈ | ပိုက်ဆက်ပစ္စည်းများ။ |
| ၃၉ | သံကြွပ်ဒယ်အိုး၊ ပန်းရန်ဒယ်အိုး၊ သံဘရပ်၊ သံသပ်၊ ကတ္တရာအိုး၊ ကွန်ကရစ်ဖျော်စက်၊ ကျောက်ကြိတ်စက် စသည့် ဆောက်လုပ်မှုနှင့် အထွေထွေ လုပ်ငန်းသုံး ပစ္စည်းကိရိယာများ။ |
| ၄၀ | သံ၊ သံမဏိကြိုးများနှင့် ကျောက်ဆူးများ။ |
| ၄၁ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် ငွေနှင့် ပလက်တီနမ်မှအပ အခြားသတ္တုဖြင့်ပြုလုပ်သည့်ပစ္စည်းများ။ |
| ၄၂ | လျှပ်စစ်မော်တာများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၃ | လက်နှိပ်ဓာတ်မီးနှင့် အရန်ပစ္စည်းများ။ |
| ၄၄ | ကြေးဝါ ငွေပန်းနီယန်ပန်းမီးသီး၊ မီးချောင်းမှအပ အခြားမီးသီး၊ မီးချောင်းအမျိုးမျိုး။ |
| ၄၅ | ကြေးဖြင့် ပြုလုပ်သော လျှပ်စစ်ဓာတ်ထိန်းနှင့် ကြေးနန်း ပစ္စည်းများ။ |
| ၄၆ | မီတာအိမ်နှင့် မီတာသေတ္တာများ။ |
| ၄၇ | ဓာတ်မီးတိုင်ထိန်း ပစ္စည်းကိရိယာများ။ |
| ၄၈ | ပင်မလျှပ်စစ် ဖြန့်ခွဲမှုကိရိယာများ။ |
| ၄၉ | တွင်းထွက်ပစ္စည်းများနှင့် သတ္တုပစ္စည်းများ တူးဖော်ရေး၊ ဖြတ်ထွင်းရေးစက်၊ ပစ္စည်းကိရိယာများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၅၀ | လျှပ်စစ်ဂျင်နရေတာ၊ ထရန်စဖော်မာ စသည့် လျှပ်စစ်စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့်.အပိုပစ္စည်းများ။ |
| ၅၁ | လျှပ်စစ်ဓာတ်အားလိုင်းကြိုး၊ ကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၅၂ | ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ စကားပြောကြေးနန်း၊ တဲလက်(စ်) နှင့် ရေဒီယိုဆက်သွယ်ရေး ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၅၃ | ရေဒီယိုအမျိုးမျိုး၏ အစိတ်အပိုင်းများ၊ အပိုပစ္စည်းများနှင့် အခြား လျှပ်စစ်ဆက်သွယ်ရေး အီလက်ထရွန်နစ်ပစ္စည်းများ။ |
| ၅၄ | ဝန်ချိန်ကိရိယာ၊ အကွာအဝေးတိုင်းတာသည့် ကိရိယာများ။ |
| ၅၅ | မှန်ပြားနှင့် ဖန်၊ မှန်ဖြင့် ပြုလုပ်ထားသော ဆောက်လုပ်ရေး ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၅၆ | ကွန်ကရစ်ဖြင့် လည်းကောင်း၊ မီးခံဘိလပ်မြေဖြင့် လည်းကောင်း ပြုလုပ်ထားသည့် ဆောက်လုပ်ရေးပစ္စည်းများ။ |
| ၅၇ | ကြွေထည်ပစ္စည်းမှအပ အခြား အိမ်သုံးနှင့် ရေအိမ်သုံးပစ္စည်းများ။ |
| ၅၈ | ကွန်ကရစ်ပိုက်များ။ |
| ၅၉ | ဘိုင်လာ၊ အင်ဂျင်များ၊ လျှပ်စစ်ဓာတ်အားပေး တာဘိုင်များနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၆၀ | မော်တာယာဉ်များ၊ မော်ယာဉ်များနှင့် ယင်း တို့ ၏ အရန်နှင့်အပိုပစ္စည်းများ။ |
| ၆၁ | ဆေးလိပ်ခွက်အမျိုးမျိုးနှင့် ဆေးလိပ်ပြာခွက်အမျိုးမျိုး။ |
| ၆၂ | မရိုက်ရသေးသော ရုပ်ရှင်ဖလင်များ။ |
| ၆၃ | ကလေးကစားစရာများ။ |
| ၆၄ | ကလေးစီးယာဉ်အမျိုးမျိုးနှင့် အရန်ပစ္စည်းများ။ |
| ၆၅ | ဘော်ငွေ(သို့ပဟုတ်)ငွေစင်။ |
| ၆၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပုံနှိပ်လုပ်ငန်းပစ္စည်းများ။ |
| ၆၇ | ဓာတ်မီးခြစ်အမျိုးမျိုး။ |
| ၆၈ | ၃ တန်အထက် ကုန်တင်ကား၊ ထရပ်ကားများနှင့် ကုန်တွဲကားများ။ |
| ၆၉ | ခါးပြတ်ကုန်တင်ကား၊ လူစီးဝန်တင်ကား၊ ဘတ်စ်ကားများ။ |
| ၇၀ | ရေ၊ ဓာတ်ဆီ စသည် သယ်ပို့သည့်ကားများ။ |
| ၇၁ | ဝန်ချီကားများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၇၂ | မော်တော်ကားအရန်နှင့် အပိုပစ္စည်းများ (ကိုယ်ထည် အစိတ်အပိုင်းအပါအဝင်)။ |
| ၇၃ | မော်တော်ဆိုင်ကယ်အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၄ | ဓာတ်ခဲအမျိုးမျိုး။ |
| ၇၅ | မှတ်ခွံနှင့် ခရုများ။ |
| ၇၆ | မီးခံဘီလပ်မြေ အမိုးအကာပစ္စည်းများ။ |
| ၇၇ | တာရာဇိုကျောက်ပြားမှအပ အခြားအိမ်ခင်း၊ လမ်းခင်း ကျောက်ပြားများ။ |
| ၇၈ | ဂွန်နီကော်ဇောများ။ |
| ၇၉ | မူလသတ္တုဖျက်အရက်ပြန်။ |
| ၈၀ | ဓာတုဗေဒချည်တုနှင့် ပိုးတုထည်များ။ |
| ၈၁ | ချည်နှင့် ဓာတုဗေဒပိုးတုနှင့် ချည်တုရောရာအထည်များ။ |
| ၈၂ | စက္ကူလုပ်ငန်း၊ စက္ကူပတ်လုပ်ငန်း၊ စက္ကူကတ်ထူလုပ်ငန်းသုံး စက်၊ စက်ပစ္စည်းကိရိယာများ။ |
| ၈၃ | ဆန်စက်၊ ဂျုံစက်၊ သီးနှံအမှုန့်ကြိတ်စက်နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၄ | သကြားစက် နှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၈၅ | သစ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း များ။ |
| ၈၆ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် စက် ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်း များ။ |
| ၈၇ | ရေအေး ရေခဲစက်၊ ရေခဲသေတ္တာ၊ ရေခဲသေတ္တာဘူးများ။ |
| ၈၈ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် ပစ္စည်း များ။ |

## ၂၅ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည့် ကုန်စည်များ

(၁) ပြည်ပမှ တင်သွင်းသည့် ကုန်စည်ဖြစ်လျှင် အခွန်ကို ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင် ကျသင့်စေရမည်၊

(၂) နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် အခွန်ကို ရောင်းရငွေပေါ်တွင် ကျသင့်စေရမည်။

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စားဖွယ်သောက်ဖွယ် စည်သွတ်ဘူးများ။ |
| ၂ | ကျောက်ကျောအခြောက် (Isinglass)။ |
| ၃ | ကိုကိုးမှုန့်။ |
| ၄ | တော်ဖီ၊ ချောကလက်များ။ |
| ၅ | ဆေးတံသောက်ဆေးများ။ |
| ၆ | ကွမ်းစားဆေး (မှုစကီး)။ |
| ၇ | ကြွမ်းတိုက်ဖယောင်း။ |
| ၈ | ရိုက်ပြီးဖလင်များ။ |
| ၉ | ဆေးပေါင်ဒါမှအပ ရေမွှေးအပါအဝင် အလှကုန်များ။ |
| ၁၀ | ကျွန်းနှင့် ကျွန်းပါသောအထပ်သား။ |
| ၁၁ | ကျွန်းခွဲသား။ |
| ၁၂ | သစ်သားအခင်းတုံးများ။ |
| ၁၃ | လုပ်ငန်းသုံးပစ္စည်းမှအပ အခြားသားရေပစ္စည်းများ။ |
| ၁၄ | ဇာချည်ထည်နှင့် အခြားပိတ်ဇာများ။ |
| ၁၅ | ချည်စောင်နှင့် တဘက်မှအပ အခြားစောင်နှင့် တဘက်များ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၆ | သားရေတု အထည်အလိပ်များ။ |
| ၁၇ | ပိုးနှင့် ဖဲတွဲလုံချည်များ။ |
| ၁၈ | ပိုးတု ဖဲပြားများ။ |
| ၁၉ | သားမွေး၊ သိုးမွေးအထည်အလိပ်၊ အင်္ဂတ်တန်ဆာပလာနှင့် ယင်းတို့ဖြင့် ပြုလုပ်သည့် ချုပ်ပြီးအထည်များ။ |
| ၂၀ | ပိုးထည်အမျိုးမျိုး။ |
| ၂၁ | မော်တော်ဆိုင်ကယ်၊ မော်တော်စက်ဘီးနှင့် ယင်းအမျိုးအစားတွင်ပါဝင်သော မော်တော်ယာဉ်များ။ |
| ၂၂ | အပေါ်စား ဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် အပေါ်စား ဝက်ဂွန်း (Estate Wagon) ကားများနှင့် ကူပေး (Coupe) ကားများ။ |
| ၂၃ | စာပုံနှိပ်၊ စာစီနှင့် စာအုပ်ချုပ်စက်၊ ဘလောက်လုပ်ငန်း စက်ကိရိယာများနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၂၄ | ဆိုကြိတ်စက်၊ စက်ပစ္စည်းနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၂၅ | ရုပ်ရှင်ရိုက်စက်အမျိုးမျိုး၊ ရုပ်ရှင်ပြစက်အမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ (ကာဗွန်အပါအဝင်)။ |
| ၂၆ | ကင်မရာအမျိုးမျိုး၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၂၇ | မှန်ပြောင်း၊ မှန်ဘီလူးများ။ |
| ၂၈ | လက်နှိပ်စက်၊ ဂဏန်းတွက်စက်၊ မိတ္တူကူးစက်၊ စာရင်းအင်းစက်များ၊ အခြားရုံးသုံးစက်၊ စက်ကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
| --- | --- |
| ၂၉ | နာရီအမျိုးမျိုးနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၃၀ | ရွှေ ငွေ ရွှေရည်နှင့် ငွေရည်တင် ဇွန်း ခက်ရင်းမှအပ အခြား ဇွန်း ခက်ရင်းနှင့် မားများ။ |
| ၃၁ | အိမ်ထောင်ပရိဘောဂများ။ |
| ၃၂ | သံဗီရို၊ သံမဏိရုံးသုံးဗီရို စသည်များ။ |
| ၃၃ | မီးခံသေတ္တာများ။ |
| ၃၄ | မီးခံငွေသေတ္တာ၊ ဘဏ္ဍာတိုက်ခန်းပစ္စည်း၊ ကိရိယာများနှင့် ငွေသေတ္တာများ။ |
| ၃၅ | တာရာဇိုကျောက်ပြားများ။ |
| ၃၆ | ရေဒီယိုများ၊ တီဗွီများ၊ ဗွီဒီယိုကင်မရာနှင့် ပြစက်များ။ |
| ၃၇ | လျှပ်စစ်မီးဖိုများ၊ လျှပ်စစ်ထမင်းချက်အိုးများနှင့် မိုက်ကရိုဝေ့(ဗ်)ဖိုများ။ |
| ၃၈ | ဖိုင်ဘာသေတ္တာ၊ ခရီးဆောင်သေတ္တာနှင့် ဘရိ(ဖ်)ကေ့(စ်) များ။ |
| ၃၉ | လျှပ်စစ်ပန်ကာ၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်အဝတ်လျှော်စက်နှင့် ရေအေးစက်များ။ |
| ၄၀ | ဓာတ်စက်များ။ |
| ၄၁ | ဓာတ်စက်ဓာတ်ပြား။ |
| ၄၂ | လေအေးစက်များ။ |
| ၄၃ | ဆင်စွယ်၊ လိပ်ခွံနှင့် အခြားတိရစ္ဆာန်ပစ္စည်းဖြင့် ပြုလုပ်သော ဝတ္ထုပစ္စည်းများ။ |
| ၄၄ | ဘိလိယက်ခုံ၊ ဘိလိယက်ဘောလုံး၊ ဘိလိယက်ထိုးတံနှင့် ဘိလိယက်ပစ္စည်းများ။ |

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၄၅ | တူရိယာပစ္စည်းများ။ |
| ၄၆ | အသံသွင်းစက်များ၊ ရေဒီယိုတွဲအသံသွင်းစက်များ၊ ကက်ဆက်များနှင့် တိပ်ခွေများ။ |
| ၄၇ | အခြားနေရာတွင် သီးခြား ဖော်ပြထားခြင်းမရှိသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ။ |
| ၄၈ | ယမ်းမီးခြစ်။ |
| ၄၉ | မီးထိုးဆီ။ |
| ၅၀ | ဖယောင်း။ |
| ၅၁ | စစ်သုံးရမ်။ |

## ဇယား ၆

**အောက်ဇယားပါကုန်စည်များနှင့် စပ်လျဉ်း၍ ပြည်ပမှ တင်သွင်း သည့် ကုန်စည်ဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း** ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် ရောင်းရငွေပေါ် **တွင်လည်းကောင်း** ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းအရ အခွန် **ကျသင့်စေရမည်**—

| အမှတ်စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက် | ၇၅ |
| ၂ | ရေနံဆီ | ၅၀ |
| ၃ | ဓာတ်ဆီ | ၁၇၀ |
| ၄ | ဒီဇယ်ဆီ | ၉၀ |
| ၅ | ရေနံချေး | ၁၀၀ |
| ၆ | ဂျက်လေယာဉ်ဆီ | ၇၅ |
| ၇ | ရမ် | ၂၀၀ |
| ၈ | ပြည်တွင်းဖြစ် ဘရမ်ဒီ | ၆၀ |
| ၉ | အခြားဘရမ်ဒီ | ၂၀၀ |
| ၁၀ | ပြည်တွင်းဖြစ် မော့ဝီစကီ | ၆၀ |
| ၁၁ | အခြား ဝီစကီ | ၂၀၀ |
| ၁၂ | ပြည်တွင်းဖြစ် ဂျင် | ၆၀ |
| ၁၃ | အခြားဂျင်၊ လစ်ကီယာနှင့် အလား တူ အခြားအရက်များ။ | ၂၀၀ |
| ၁၄ | ဘီယာ | ၅၀ |
| ၁၅ | ဝိုင် | ၅၀ |
| ၁၆ | တင်လဲဖြူအရက် | ၅၀ |
| ၁၇ | အရက်ဖြူ | ၅၀ |
| ၁၈ | ပုလဲ | ၃၀ |
| ၁၉ | ကျောက်စိမ်းနှင့် အခြားအဖိုးတန် ကျောက်များ။ | ၃၀ |

## ဇယား ၇

အောက်ဇယားပါ ဝန်ဆောင်မှုများအပေါ် ယင်းတို့နှင့် ယှဉ်ပြထားသည့်အတိုင်း အခွန်ကျသင့်စေရမည်—

| အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | အခြေပြု တွက်ချက်ရမည့်ငွေ | အခွန် ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | ရထား၊ ရေကြောင်း၊ လေကြောင်းနှင့် ကုန်းလမ်း ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း။ | ခရီးသည်ပို့ဆောင်ခ ရငွေစုစုပေါင်း | ၈ |
| ၂ | ဖျော်ဖြေမှုလုပ်ငန်း— | | |
| | (က) ရုပ်ရှင် သို့မဟုတ် ဗွီဒီယို ပြသခြင်း၊ | ရငွေအားလုံး | ၃၀ |
| | (ခ) ရုပ်ရှင် သို့မဟုတ် ဗွီဒီယို မှအပ ကျန်ဖျော်ဖြေမှုများ။ | ရငွေအားလုံး | ၁၅ |
| ၃ | ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း။ | ရောင်းငွေစုစုပေါင်း | ၅ |
| ၄ | ဟိုတယ်၊ တည်းခိုခန်း။ | ရငွေအားလုံး | ၁၀ |
| ၅ | စားသောက်ဖွယ်ရောင်းချရေး လုပ်ငန်း။ | ရောင်းငွေစုစုပေါင်း | ၁၀ |

အစိုးရသည် မည်သည့် ကုန်ထုတ်လုပ်သူကိုမဆို ဤဇယား၏ အမှတ်စဉ် ၃ အရ ကုန်စည် ဝယ်ယူ ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူက ပေးဆောင်ရမည့်အခွန်အဖြစ် မိမိကုန်စည်ရောင်းရငွေ၏ ၅ ရာခိုင်နှုန်းဖြင့် တွက်ချက်ရရှိသောငွေကို ထိုသူထံမှ ကောက်ခံပေးသွင်းစေနိုင်သည်။

ပြည်ပမှ ကုန်စည်တင်သွင်း၍၊ ယင်းကုန်စည်ကို ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း၏ ရောင်းရငွေအပေါ်တွင် ဤဇယား၏ အမှတ်စဉ် ၃ အရ အခွန်မကျသင့်စေရ။

အစိုးရသည် ဤဇယား၏ အမှတ်စဉ် ၅ အတွက် ရောင်းရငွေ ပမာဏ မများပြားသော လုပ်ငန်းများအပေါ် လစဉ်ပုံသေနှုန်းထား ဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။

# ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်

( ၁၉၉၁ ခုနှစ်၊ မတ်လ ၃၀ ရက် )

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၉၁-၉၂ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၈ တွင် အောက်ပါ ပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည်—

(ဂ) နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထ ပြုသော သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဤပုဒ်မခွဲပါ ကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ယင်းကိစ္စများဆိုင်ရာ ရန်ပုံငွေ တစ်ရပ်ရပ်သို့ လှူဒါန်း ထည့်ဝင်ငွေ

ယင်းသို့ နုတ်ပယ်သည့်ငွေသည် အခွန်ထမ်း၏ စုစုပေါင်း ဝင်ငွေ၏ နှစ်ဆယ့်ငါး ရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက် မပိုစေရ။

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ် စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

၄။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါ ပုဒ်မဖြင့် အစားထိုး ရမည်—

၂၀။ ဝင်ငွေနှစ်အတွင်း ဝင်ငွေရလမ်း တစ်ခုခုမှ ဆုံးရှုံးငွေရှိလျှင် ထိုနှစ် အတွင်း ရရှိသည့် ကျန်ဝင်ငွေရလမ်းများမှ ဝင်ငွေတွင် ခုနှိမ်ပေး ရမည်။ ကုန်စင်အောင် ခုနှိမ်ခြင်း မပြုနိုင်သော ဆုံးရှုံးငွေပေါင်းကို တစ်ဆက်တည်း နောက်သုံးနှစ်အထိ သယ်ယူခုနှိမ်ခွင့် ပေးရမည်။

သို့ရာတွင် ဤပုဒ်မသည် အောက်ပါတို့နှင့် မသက်ဆိုင် စေရ—

(က) အခြေပစ္စည်းမှ ဆုံးရှုံးငွေ၊

(ခ) ပုဂ္ဂိုလ်စု တစ်ခုခုမှ အရှုံးဝေစု။

# အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၇/၉၁)

၁၃၅၂ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်

(၁၉၉၁ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၁၉၉၁-၉၂ စည်းကြပ်နှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ အမြတ်ခွန်ဥပဒေပုဒ်မ ၅ တွင် အောက်ပါပုဒ်မခွဲကို ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည်—

(ဂ) နိုင်ငံတော်အဖွဲ့အစည်းအဆင့်ဆင့်က ကမကထ ပြုသော သို့မဟုတ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဤပုဒ်မခွဲပါ ကိစ္စအလို့ငှာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ယင်းကိစ္စများ ဆိုင်ရာ ရန်ပုံငွေတစ်ရပ်ရပ်သို့ လှူဒါန်းထည့်ဝင်ငွေကို

စုစုပေါင်းဝင်ငွေမှ နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ရမည်။ သို့ရာတွင် ယင်း သို့ နုတ် ပယ် သည့် ငွေသည် အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက်မပိုစေရ။

ရှင်းလင်းချက်။ ကုသိုလ်ရေးဆိုရာတွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများအား ကယ်ဆယ်စောင့်ရှောက်ရေး စသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

(က) အမြတ်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားအပိုဒ် ၁ တွင် ပါရှိသော အနည်းဆုံးဝင်ငွေ "ကျပ် ၇၀၀၁" ဆိုသည့် စကားရပ်ကို "ကျပ် ၁၀၀၀၁" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) အမြတ်ခွန်ဥပဒေ၏ နောက် ဆက် တွဲ ဇ ယား အ ပိုဒ် ၁ အောက်ရှိ ဝင်ငွေအတန်းအစားအလိုက် ကျသင့်သော အခွန်ဇယားပါ ဝင်ငွေ "ကျပ် ၇၀၀၁ မှ ကျပ် ၁၀၀၀၀ ထိ ကျသင့်သော အခွန်ကျပ် ၂၄၀" ဆိုသည့် စကားရပ်များကို ပယ်ဖျက်ရမည်။

# ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၁)

၁၃၅၃ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

( ၁၉၉၁ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရန်ကုန်မြို့တော် မြူနီစီပါယ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၀၅ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "shall be punished for each such offence with fine which may extend to the amount" ဆိုသည့် စကားရပ်ကို "shall be punished for each such offence with fine or imprisonment or both" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၀၅ တွင် ပါရှိသည့် ဇယား၏ စာတိုင် (၃) ခေါင်းစီးဖြစ်သည့် " Fine which may be imposed. " ဆိုသည့် စကားရပ်ကို " Fine or imprisonment or both which may be imposed. " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၀၅ တွင် ပါရှိသည့် ဇယား၏ စာတိုင် (၁) တွင် ဖော်ပြပါရှိသော—

(က) ပုဒ်မ ၉၀၊ ပုဒ်မ ၉၉၊ ပုဒ်မ ၁၂၇၊ ပုဒ်မ ၁၃၀ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၁၅၄ ပုဒ်မခွဲ (၁) အသီးသီးအတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား " Minimum fine kyats 500, maximum fine kyats 5000, or minimum imprisonment 1 month, maximum imprisonment 6 months, or both. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

( ခ ) ပုဒ်မ ၁၀၀ နှင့် ပုဒ်မ ၁၅၉ ပုဒ်မခွဲ (၂) တို့ အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား " Minimum fine kyats 1000, maximum fine kyats 5000, or minimum imprisonment 3 months, maximum imprisonment 1 year, or both. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

( ဂ ) ပုဒ်မ ၁၀၃ အတွက် စာတိုင် (၃)တွင် သတ်မှတ်ထားသည့် ငွေဒဏ်အစား " Minimum fine kyats 500, maximum fine kyats 5000, or minimum

imprisonment 1 month, maximum imprisonment 6 months, or both." ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(ဃ) ပုဒ်မ ၁၀၈ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ) အတွက် စာတိုင် (၃) တွင် သတ်မှတ် ထားသည့် ငွေဒဏ် အစား "Minimum fine kyats 500, maximum fine kyats 5000." ဆိုသည့် ငွေဒဏ်ဖြင့်လည်းကောင်း၊

(င) ပုဒ်မ ၁၂၁ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၅၃၊ ပုဒ်မ ၁၅၄ ပုဒ်မခွဲ (၄)၊ ပုဒ်မ ၁၆၂ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၆၇ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၇၀ ပုဒ်မခွဲ (၆)၊ ပုဒ်မ ၁၇၂၊ ပုဒ်မ ၁၇၃ ပုဒ်မခွဲ (၂) နှင့် ပုဒ်မ ၁၇၅ ပုဒ်မခွဲ(၇) အသီးသီးအတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား "Minimum fine kyats 5000, maximum fine kyats 50000, or minimum imprisonment 3 months, maximum imprisonment 1 year, or both." ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(စ) ပုဒ်မ ၁၂၅ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (က) နှင့် ပုဒ်မ ၁၄၄ ပုဒ်မခွဲ (၁) တို့အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား "Minimum fine kyats 1000, maximum fine kyats 10000, or minimum imprisonment 3 months, maximum imprisonment 1 year, or both." ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(ဆ) ပုဒ်မ ၁၂၅ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ) မှ ပုဒ်မခွဲငယ် (င) အထိ ပုဒ်မ ၁၅၆ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၅၇ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၁၅၇ ပုဒ်မခွဲ (၃) အသီးသီးအတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား " Minimum fine kyats 2000, maximum fine kyats 20000, or minimum imprisonment 3 months, maximum imprisonment 1 year, or both. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(ဇ) ပုဒ်မ ၁၂၆ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၁၃၀ ပုဒ်မခွဲ (၂) တို့ အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များ အစား " Minimum fine kyats 100, maximum fine kyats 1000." ဆိုသည့် ငွေဒဏ်ဖြင့် လည်းကောင်း၊

(ဈ) ပုဒ်မ ၁၃၂ အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်အစား " Minimum fine kyats 1000, maximum fine kyats 5000, or minimum imprisonment 1 month, maximum imprisonment 6 months, or both for a first offence and minimum fine kyats 2000, maximum fine kyats 10000, or minimum imprisonment 3 months, maximum imprisonment 1 year, or both for any subsequent offence. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(ည) ပုဒ်မ ၁၃၃ နှင့် ပုဒ်မ ၁၃၄ တို့အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်များအစား " Minimum fine kyats 1000, maximum fine kyats 10000, or minimum imprisonment 1 month, maximum imprisonment 6 months, or both for a first offence and minimum fine kyats 2000, maximum fine kyats 20000, or minimum imprisonment 3 months, maximum imprisonment 1 year, or both for any subsequent offence. " ဆိုသည့် ပြစ်ဒဏ်များ ဖြင့် လည်းကောင်း၊

(ဋ) ပုဒ်မ ၁၃၅ အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ်အစား " Minimum fine kyats 500, maximum fine kyats 5000, or minimum imprisonment 1 month, maximum imprisonment 6 months, or both for a first offence and minimum fine kyats 1000, maximum fine kyats 10000, or minimum imprisonment 3 months, maximum imprisonment 1 year, or both for any subsequent offence. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(ဌ) ပုဒ်မ ၁၄၇ ပုဒ်မခွဲ (၁) အတွက် စာတိုင်(၃)တွင် သတ်မှတ် ထားသည့် ငွေဒဏ်အစား " Minimum fine kyats 3000, maximum fine kyats 30000, or minimum imprisonment 3 months, maximum imprisonment 1 year, or both. " ဆိုသည့် ပြစ်ဒဏ်များဖြင့် လည်းကောင်း၊

(၄) ပုဒ်မ ၁၆၃ ပုဒ်မခွဲ (၁) နှင့် ပုဒ်မ ၁၆၄ ပုဒ်မခွဲ (၁) တို့ အတွက် စာတိုင် (၃) တွင် သတ်မှတ်ထားသည့် ငွေဒဏ် အစား "Minimum fine kyats 1000, maximum fine kyats 5000, or minimum imprisonment 1 month, maximum imprisonment 6 months, or both." ဆိုသည့် ပြစ်ဒဏ် များ ဖြင့်လည်းကောင်း

အစားထိုးရမည်။

၅။ ရန်ကုန်မြို့တော် မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၀၅ နှင့် ယှဉ်လျက် ဖော်ပြပါရှိသော နံဘေးမှတ်ချက် ဖြစ်သည့် "Certain offences punishable with fine." ဆို သည့် စ ကား ရပ် ကို "Certain offences punishable with fine or imprisonment or both." ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရန်ကုန်မြို့တော်မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၀၆ တွင် ပါရှိသည့် ဇယား၏ စာတိုင် (၃) တွင် သတ်မှတ်ထားသည့် နေ့စဉ် တပ်ရိုက်နိုင်သော ငွေဒဏ်များနှင့် စပ်လျဉ်း၍—

(က) "Five kyats." ဆိုသည့်စကားရပ်ကို "Fifty kyats." ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(ခ) "Ten kyats." ဆို သည့် စ ကား ရပ် ကို "One hundred kyats." ဆို သည့် စ ကား ရပ် ဖြင့် လည်း ကောင်း၊

(ဂ) "Twenty kyats." ဆိုသည့်စကားရပ်ကို "Two hundred kyats." ဆို သည့် စ ကား ရပ် ဖြင့် လည်း ကောင်း၊

(ဃ) " Twenty-five kyats." ဆိုသည့် စကားရပ်ကို " Two hundred and fifty kyats." ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

(င) "Fifty kyats." ဆိုသည့် စကားရပ်ကို " Five hundred kyats. " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊

(စ) "One hundred kyats." ဆိုသည့်စကားရပ်ကို "One thousand kyats." ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

# ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ
# ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၉၁)

၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၁၉၉၁ ခုနှစ်၊ မေလ ၁၀ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဆိုသည်မှာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်းကို ဆိုသည်၊

(ခ) တက္ကသိုလ် ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကို ဆိုသည်၊

(ဂ) တက္ကသိုလ်ကောင်စီ ဆိုသည်မှာ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် ကောင်စီကို ဆိုသည်။

## အခန်း (၂)

## တက္ကသိုလ်တည်ထောင်ခြင်း

၃။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကို ဤဥပဒေ စတင်အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ ပုဒ်မ ၃ အရ တည်ထောင်သည့် တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့် ရှိစေရမည်။

၅။ တက္ကသိုလ်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ယင်းနှင့်ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်နှင့် သိပ္ပံတို့ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

# အခန်း (၃)

## တက္ကသိုလ်၏ ရည်မှန်းချက်များ

၆။ တက္ကသိုလ်၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများသည် တက္ကသိုလ်တွင် ခင်မင်ရင်းနှီးစွာနေထိုင်လျက် ပညာရှာမှီးကြရင်း ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုရရှိစေရန်၊

(ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံကောင်းများကို ထိန်းသိမ်းရန်နှင့် နားလည်သဘောပေါက်ရန်၊

(ဂ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ စား ဝတ် နေရေး အဆင့်အတန်းမြင့်မားစေရန် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ထက်သန်စေရန်၊

(ဃ) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ဦးဆောင်နိုင်မှုစွမ်းရည် မြှင့်တင်ရန်၊

(င) ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးမှုလုပ်ငန်းများ အောင်မြင်မှုကို ရှေးရှု၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်လိုသည့် စိတ်ဓာတ်မွေးမြူပေးရန်၊

(စ) ပါတီနိုင်ငံရေး ကင်းစင်ပြီး စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းမွန်သော ပညာရေး ဝန်ထမ်းကောင်းများ မွေးထုတ်ပေးရန်၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထိန်းသိမ်းလိုသည့် စိတ်ဓာတ်ရှင်သန်ပွားများစေရန်။

## အခန်း (၄)

## တက္ကသိုလ်၏ လုပ်ငန်းတာဝန်များ

၇။ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် ပညာရှင်ဦးရေ တိုးပွားအောင် ပြုစုပျိုးထောင်ပေးရန်၊

(ဂ) သုတေသနနှင့် ပညာတိုးပွားရေးအတွက် စီမံချက်များ ရေးဆွဲ၍ ဦးဆောင်လမ်းညွှန်ပေးရန်၊

(ဃ) တက္ကသိုလ်စာမေးပွဲများ ကျင်းပပေးရန်၊

(င) တက္ကသိုလ်ဘွဲ့များ၊ ဘွဲ့လွန်ဒီဂရီများ၊ ဒီပလိုမာလက်မှတ်များ၊ တက္ကသိုလ်အတန်း အသီးသီးမှ အောင်လက်မှတ်များနှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ရန်၊

(စ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ နေရေးထိုင်ရေး၊ စည်းကမ်းသေဝပ်ရေး၊ စာရိတ္တကောင်းမွန်ရေး၊ ကျန်းမာရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေးတို့အတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ဆ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ကျောင်းခန်းပြင်ပ ပညာရေး လုပ်ငန်းများနှင့် လေ့လာရေး အစီအစဉ်များဖြင့် လိုအပ်သလို လေ့ကျင့်ပေးရန်၊

(ဇ) တက္ကသိုလ်၏ ရည်မှန်းချက်များ ထမြောက်အောင်မြင်စေရေးအတွက် အထောက်အကူပြုသော လုပ်ငန်း အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရန်။

# အခန်း (၅)

## တက္ကသိုလ်ကောင်စီ ဖွဲ့စည်းခြင်း

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့သည် တက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် တက္ကသိုလ်ကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်—

(က) သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊

(ခ) သင့်လျော်သော နိုင်ငံသားများ။

၉။ ပုဒ်မ ၇ အရ တက္ကသိုလ်ကောင်စီဖွဲ့စည်းရာတွင်တက္ကသိုလ်ကောင်စီ၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

၁၀။ တက္ကသိုလ်ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) တက္ကသိုလ်ပညာရေးဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပေးခြင်း၊

(ခ) တက္ကသိုလ်မှ မည်သို့သောဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာ အောင်လက်မှတ်၊ တက္ကသိုလ်အတန်း အသီးသီးမှ အောင်လက်မှတ်နှင့် တက္ကသိုလ်ဆိုင်ရာ အခြားပညာ ဂုဏ်ထူးဆောင် ဘွဲ့များ အပ်နှင်းမည်ကို ဆုံးဖြတ်ခြင်း၊

(ဂ) နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသား ကျောင်းသူ ဦးရေကို သတ်မှတ်ခြင်း၊

(ဃ) တက္ကသိုလ်ကျောင်းသား ကျောင်းသူတို့၏ ဝင်ခွင့် အရည်အချင်းကို သတ်မှတ်ခြင်း၊

( င ) တက္ကသိုလ်တွင်တာဝန်ထမ်းဆောင်သည့် ဆရာအဆင့်ဆင့်တို့၏ အခြေခံပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

( စ ) တက္ကသိုလ်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ပေးခြင်း၊

( ဆ ) စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက အဆုံးအဖြတ်ပေးခြင်း၊

( ဇ ) တက္ကသိုလ်၏ ပညာရေးလုပ်ငန်းကို အကျိုးပြုစေမည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်သတ်မှတ်ခြင်း၊

( ဈ ) တက္ကသိုလ်စာမေးပွဲများ မည်သို့ကျင်းပရမည်ကို အဆုံးအဖြတ်ပေးခြင်း၊

( ည ) တက္ကသိုလ်နှင့်ဆက်သွယ်ပေါင်းစည်းထားသည့် ကောလိပ်၊ သိပ္ပံသစ်များတည်ထောင်ရန် လိုအပ်လျှင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့် တည်ထောင်ခြင်း၊

( ဋ ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁၁။ တက္ကသိုလ်၏ ပညာရေးဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် တက္ကသိုလ်ကောင်စီသည် အောက်ပါအဖွဲ့များကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်—

( က ) တက္ကသိုလ်ပညာရေးအဖွဲ့၊

( ခ ) တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့။

၁၂။ တက္ကသိုလ် ပညာရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်သည့်လုပ်ငန်းများနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားနိုင်ရေးအတွက် သင်ကြားရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) ဘာသာရပ်အလိုက် ဖွဲ့စည်းထားသော သင်ကြားရေး အဖွဲ့များက ရေးဆွဲတင်ပြသော သင်ရိုးညွှန်းတမ်းများကို စိစစ်၍ တက္ကသိုလ်ကောင်စီသို့ သဘောထားမှတ်ချက်နှင့် တကွ ထောက်ခံတင်ပြရန်နှင့် တက္ကသိုလ်ကောင်စီ၏ အတည်ပြုချက်နှင့်အညီ သင်ကြားရေးအတွက် ကြီးကြပ် ကွပ်ကဲခြင်း၊

(ဂ) တက္ကသိုလ်စာမေးပွဲများ ကျင်းပပေးခြင်းနှင့် အောင် စာရင်းများ ကြေညာခြင်း၊

(ဃ) ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ အောင်လက်မှတ် များ၊ အခြားဂုဏ်ထူးဆောင်ဘွဲ့များနှင့် ပညာရည်ချွန်ဆု များ ချီးမြှင့်ခြင်း၊

(င) လိုအပ်သော သင်ကြားရေးဆိုင်ရာ ဌာနသစ်များ တိုးထွင် နိုင်ရေးအတွက် တက္ကသိုလ်ကောင်စီသို့ ထောက်ခံတင်ပြ ခြင်း၊

(စ) တက္ကသိုလ်တွင် ပြဋ္ဌာန်းမည့် စာအုပ်စာတမ်းများကို စိစစ် ခြင်း၊ အတည်ပြုခြင်း၊

(ဆ) တက္ကသိုလ်တွင် ဘွဲ့လွန်နှင့် အခြားသင်တန်းများ ဖွင့်လှစ် ရေးကို သင်ကြားရေးဌာနများနှင့် ညှိနှိုင်း၍ တက္ကသိုလ် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(ဇ) တက္ကသိုလ်ကောင်စီကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၁၃။ တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်သော စည်းကမ်းများ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းများအတိုင်း လိုက်နာစေရန် ကြပ်မတ်ထိန်းသိမ်းခြင်း၊

(ခ) တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အတွက် အားကစား၊ ကာယပညာနှင့် ယဉ်ကျေးမှုလုပ်ငန်း အရပ်ရပ်ကို ကြီးကြပ်စီမံခြင်း၊

(ဂ) တက္ကသိုလ်ဆရာများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူတို့၏ ကျန်းမာရေးကိစ္စများကို စီမံဆောင်ရွက်ခြင်း၊

(ဃ) တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ထောက်ပံ့ကြေးနှင့် အခြားငွေကြေးချီးမြှင့်ရန်ကိစ္စတို့ကိုဆောင်ရွက်ခြင်း၊

(င) ကျောင်းဆောင် ကိစ္စအရပ်ရပ်ကို စီမံဆောင်ရွက်ခြင်း၊

(စ) တက္ကသိုလ်နယ်မြေကို ကြီးကြပ်ခြင်း၊

(ဆ) တက္ကသိုလ်ကောင်စီက လွှဲအပ်သည့် အခြားစီမံခန့်ခွဲရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဇ) တက္ကသိုလ်ကောင်စီက ပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၇)

## ဝန်ထမ်းဖွဲ့စည်း

၁၄။ တက္ကသိုလ်ကောင်စီသည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၅။ တက္ကသိုလ်ကောင်စီသည် ဆရာများနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင်—

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်၊

( ခ ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်မည့်ဆရာများနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၁၆။ တက္ကသိုလ်ကောင်စီသည် ဝန် ထမ်း ရေး ရာ လုပ် ပိုင် ခွင့် များကို ပါမောက္ခချုပ်အား လိုအပ်သလို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၈)

### ဘဏ္ဍာရေး

၁၇။ တက္ကသိုလ်သည် နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က သတ်မှတ်ပေးသည့် အဖွဲ့အစည်းသို့ တင်ပြ၍ သဘောတူညီချက်ရယူပြီး ဆောင်ရွက်ရမည်။

၁၈။ တက္ကသိုလ်သည် မိမိရငွေနှင့် အ သုံး စ ရိတ် များ ကို တည်ဆဲ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စာရင်းအင်း ထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

## အခန်း (၉)

### အထွေထွေ

၁၉။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရမည့် အဖွဲ့အစည်းကို သတ်မှတ်ပေးရမည်။

၂၀။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေအရ တည်ထောင်သည့် တက္ကသိုလ်သည် ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာလက်မှတ်၊ တက္ကသိုလ်စာမေးပွဲအောင်လက်မှတ်များနှင့် ဘက္ကသိုလ်ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိစေရမည်။

၂၁။ တက္ကသိုလ်သည် ယင်း၏ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်စေရန်အလို့ငှာ ကျွမ်းကျင်မှုအကူအညီနှင့် အခြားလိုအပ်သောအကူအညီများကို ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ရယူနိုင်ခွင့်ရှိသည်။

၂၂။ ဤဥပဒေအရဖွဲ့စည်းသည့်တက္ကသိုလ်သည် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက ဖွဲ့စည်းထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကို လည်းကောင်း ဆက်ခံရမည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေ ပုဒ်မ ၁၉ အရ တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းသည်—

(က) လိုအပ်သော လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်များနှင့် ညွှန်ကြားချက်များကိုထုတ်ပြန်နိုင်သည်။

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၉၁)

၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

(၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပြဋ္ဌာန်းသည့် ၁၉၈၉ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်။

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၁ တွင် အောက်ပါတို့ကို ပုဒ်မခွဲ (ည) နှင့် (ဋ) အဖြစ် ဖြည့်စွက်ရမည်—

(ည) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသောငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရခြင်း၊

(ဃ) ပုဒ်မခွဲ (ည) အရ သတ်မှတ်ကြေညာချက်တွင် ပါဝင်ခြင်း မရှိသော ပြစ်မှု တစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခံရလျှင် ယင်းပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှု သို့မဟုတ် အကျင့်စာရိတ္တ ပျက်ပြားမှု ဆိုင်ရာ ပြစ်မှုဖြစ်ကြောင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ၏ ဆုံးဖြတ်ခံရခြင်း။

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် အောက်ပါတို့ကို ပုဒ်မ ၁၀-က၊ ၁၀-ခ၊ ၁၀-ဂ နှင့် ၁၀-ဃ အဖြစ် ဖြည့်စွက်ရမည်—

၁၀-က။ နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုဖြင့်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ထိုက်သော ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ထက်သက်ရပ်တည်ပိုင်ခွင့်မရှိကြောင်း ကော်မရှင်က ကြေညာခံရသူသည် နောင်တွင်ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၀-ခ။ ပုဒ်မ ၁၀-က ပါ ပြစ်မှုများမှအပ အခြားပြစ်မှု တစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသဖြင့် လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိကြောင်း ကော်မရှင်က ကြေညာခံရသူသည် ကြေညာသည့်နေ့မှ ၁၀ နှစ် အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၁၀-ဂ။ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံခြင်းသည် ပျက်ပြယ်ကြောင်း ရွေးကောက်ပွဲခုံအဖွဲ့က ဆုံးဖြတ်၍ အစိုးရအဖွဲ့က အမိန့်ထုတ်ပြန်ကြေညာခြင်းခံရသူသည်လည်းကောင်း၊ သတ်မှတ်ထားသည့်အတိုင်းရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်

အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရပြီး ကော်မရှင်က အရည်အချင်းပျက်ယွင်းသူဟု ကြေညာခြင်း ခံရသော လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် လည်းကောင်း ကြေညာသည့်နေ့မှ ၁၀ နှစ်အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

၈၀-ဃ။ ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများအရဖြစ်စေ အရည်အချင်း ပျက်ယွင်းသူဖြစ်ကြောင်း ကော်မရှင်က ကြေညာခြင်းခံရသည့် ရှုံးနိမ့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် ကြေညာသည့်နေ့မှ ၅ နှစ်အတွင်း ပြုလုပ်သည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရ။

# နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

## နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၁)

၁၃၅၃ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
( ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၄ တွင် ပါရှိသော "တစ်ကြိမ်လျှင် ရက်ပေါင်း တစ်ရာ့ရှစ်ဆယ်ထက်မပိုစေဘဲ စုစုပေါင်း ၃ နှစ်အထိ" ဆိုသည့်စကားရပ်ကို "တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း ၅ နှစ် အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော “ဤဥပဒေအရ” ဆိုသည့်စကားရပ်ကို “ဗဟိုအဖွဲ့၏ အမိန့်တစ်ရပ်ရပ်အရ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၁ ကို ပယ်ဖျက်ရမည်။

# မြန်မာသမိုင်းအဖွဲ့ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာသမိုင်းအဖွဲ့ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁)

၁၃၅၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
(၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာသမိုင်းအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) အဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကို ဆိုသည်၊

(ခ) ဝန်ကြီးဌာန ဆိုသည်မှာ ပညာရေးဝန်ကြီးဌာနကိုဆိုသည်။

## အခန်း (၂)

## ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည်—

(က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းသတ်မှတ်ပေးရမည်၊

(ဂ) ယင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ ရပိုင်ခွင့်များကို အခါအားလျော်စွာ သတ်မှတ်ပေးရမည်။

## အခန်း (၃)

## အဖွဲ့၏ ရည်မှန်းချက်များ

၄။ အဖွဲ့၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြန်မာနိုင်ငံသမိုင်းကို အထောက်အထား ခိုင်မာစွာ စနစ်တကျ ဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာနိုင်ငံသမိုင်း ဆိုင်ရာ အထောက်အထား များကို ပြည်တွင်းပြည်ပမှ ရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကို အခြေခံ၍ မြန်မာနိုင်ငံသမိုင်းကို သုတေသနပြုရန်၊

(ဃ) သုတေသနပြု တွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာနိုင်ငံသမိုင်းကို ပြုစုရန်၊

(င) မြန်မာနိုင်ငံသမိုင်းနှင့် ဆက်နွယ်သောဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီ ရယူရန်၊
(စ) မြန်မာနိုင်ငံသမိုင်းနှင့် သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေရန်၊
(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

## အခန်း (၄)

## အဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊
(ခ) အဖွဲ့၏ ရည်မှန်းချက်များနှင့်အညီ မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ဦးစီးဦးဆောင်ပြုခြင်း၊
(ဂ) လုပ်ငန်းများ အကောင်အထည်ဖော်ရာ၌ တက္ကသိုလ်များ သမိုင်းသုတေသနဌာနကို လမ်းညွှန်မှုပေးခြင်း၊
(ဃ) တက္ကသိုလ်များ သမိုင်းသုတေသနဌာနမှ ပညာရှင်များကို လုပ်ငန်းများ သတ်မှတ်ပေးခြင်း၊
(င) မြန်မာနိုင်ငံသမိုင်းဆိုင်ရာ ကျမ်း၊ စာအုပ်၊ စာစောင်၊ စာတမ်းစသည်များကို စိစစ်အတည်ပြုခြင်း၊
(စ) မြန်မာနိုင်ငံသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊
(ဆ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် အစိုးရအဖွဲ့တို့က ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လိုအပ်သောအဖွဲ့ခွဲများဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာနနှင့် အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ အကူအညီရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်း ပြည်ပမှ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ လက်ခံရယူခြင်း။

## အခန်း (၅)

## ဘဏ္ဍာရေး

၇။ အဖွဲ့၏အသုံးစရိတ်ကို ဝန်ကြီးဌာနမှ ကျခံရမည်။

၈။ အဖွဲ့၏ ရငွေနှင့် သုံးငွေများကို ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်း များနှင့်အညီ ထားရှိရမည်။

## အခန်း (၆)

## အထွေထွေ

၉။ (က) အဖွဲ့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီး ဌာနသည် အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင် တက္ကသိုလ်များ သမိုင်းသုတေသနဌာနကို ဖွဲ့စည်းထားရှိ ရမည်၊

(ခ) တက္ကသိုလ်များ သမိုင်းသုတေသနဌာနသည် ရန်ကုန် တက္ကသိုလ် သမိုင်းဌာန (သုတေသန) ၏ လုပ်ငန်းတာဝန် များ၊ ရပိုင်ခွင့်နှင့် ကြွေးမြီများကို ဆက်ခံရမည်။

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) အဖွဲ့သည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

# အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေး ဥပဒေ

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေး ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၃/၉၁)
၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
(၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမြှင့်တင်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း** ဆိုသည်မှာ မိသားစုဝင်များဖြင့် သော်လည်းကောင်း၊ အလုပ်သမား ငှားရမ်း အသုံးပြု၍ သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကုန်ပစ္စည်းထုတ်လုပ်သော၊ ပြုပြင်မွမ်းမံသော အသေးစား စက်မှုလက်မှုလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြင်းကောင်ရေ သုံးကောင်အား အောက် အသုံးပြု၍ အလုပ်သမား ကိုးဦးထက်မပိုသော အသေးစား စက်မှုလုပ်ငန်းများနှင့် အလုပ်သမား အရေအတွက် ကန့်သတ်ခြင်းမရှိသော လက်မှုလုပ်ငန်းများလည်း အကျုံးဝင်သည်၊

(ခ) **လုပ်ငန်းရှင်** ဆိုသည်မှာ ဤဥပဒေအရ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ရန် မှတ်ပုံတင်ခွင့်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အမွေစား အမွေခံ၊ တရားဝင်ကိုယ်စားလှယ်နှင့် တရားဝင်ဆက်ခံသည့် အဖွဲ့အစည်းတို့လည်း ပါဝင်သည်၊

(ဂ) **အား** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား၊ စက်ကိရိယာဖြင့်ဖြစ်ပွားစေသည့် အား သို့မဟုတ် အခြား နည်း လမ်းတစ်ရပ်ရပ်ဖြင့် ဖြစ်ပွားစေသည့် အားကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ သမဝါယမ ဝန်ကြီးဌာနကို ဆိုသည်၊

(င) **ဝန်ကြီး** ဆိုသည်မှာ သမဝါယမဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(စ) **ဦးစီးဌာန** ဆိုသည်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(ဆ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)

## အခြေခံမူများ

၃။ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ မြှင့်တင်ရေးကို အောက်ပါအခြေခံမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်—

(က) ပြည်တွင်းထွက် သယံဇာတပစ္စည်းများကို အဓိကကုန်ကြမ်းအဖြစ် အသုံးပြု၍ စက်မှုလက်မှုကုန်ချောများထုတ်လုပ်ရန်၊

(ခ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ အစိုးရဌာနနှင့် စီးပွားရေး အဖွဲ့အစည်းများမှ ဝယ်ယူရရှိသော ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်း ကုန်ကြွင်းများကို အသုံးပြု၍ စက်မှုလက်မှုကုန်ချောများ ထုတ်လုပ်ရန်၊

(ဂ) မြန်မာ့ရိုးရာ လက်မှုအနုပညာများ တိမ်ကောပပျောက်မှု မရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာစေရန်နှင့် မိသားစုဝင်ငွေများ တိုးပွားရရှိစေရန်၊

(င) ဘေးဥပဒ် အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့် ကုန်ပစ္စည်းများကို စားသုံးသူများဝယ်ယူရရှိစေရန်၊

(စ) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီနည်းပညာများ အသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရန်၊

(ဆ) ပြည်တွင်းတွင်သာမက ပြည်ပဈေးကွက်များအတွက်လည်း စံချိန်စံညွှန်းမီပစ္စည်းများ ထုတ်လုပ်ရောင်းချရန်၊

(ဇ) သမဝါယမအသင်းများဖွဲ့စည်းနိုင်ရေးအတွက် အထောက်အကူပြုရန်။

## အခန်း (၃)

## မှတ်ပုံတင်ခြင်း

၄။ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်နေသူ သို့မဟုတ် လုပ်ကိုင်လိုသူသည် ဤဥပဒေအရ မှတ်ပုံတင်လိုပါက ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လျှောက်ထားရမည်။

၅။ ဦးစီးဌာနသည် ပုဒ်မ ၄ အရ လျှောက်ထားလာသည့် လျှောက်လွှာများကို စိစစ်ခြင်း၊ စစ်ဆေးခြင်း ပြုလုပ်ပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ပါက မှတ်ပုံတင်ပေးရမည်။

၆။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေးနှင့် မှတ်ပုံတင်သက်တမ်းကာလတို့ကို သတ်မှတ်ပေးရမည်။ ထို့ပြင် ဦးစီးဌာနက သတ်မှတ်ပေးသည့်ကာလအတွင်း မှတ်ပုံတင်အသစ်လဲလှယ်ရန် ပျက်ကွက်ပါက သတ်မှတ်သည့်ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

## အခန်း (၄)

## လုပ်ငန်းရှင်၏ တာဝန်နှင့် ခံစားနိုင်ခွင့်များ

၇။ လုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်အသစ်လဲလှယ်ကြေး၊ ဒဏ်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို ပေးဆောင်ခြင်း၊

(ခ) ဦးစီးဌာန၏ ကြီးကြပ်ခြင်းနှင့် စစ်ဆေးခြင်းကို ခံယူခြင်း၊

(ဂ) လုပ်ငန်းလွှဲပြောင်းခြင်းနှင့် နေရပ်လိပ်စာပြောင်းရွှေ့ခြင်းတို့ကို ဦးစီးဌာနသို့ ကြိုတင်အကြောင်းကြားခြင်း၊

(ဃ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့က ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(င) တည်ဆဲဥပဒေများကိုလိုက်နာခြင်း။

၈။ လုပ်ငန်းရှင်၏ ခံစားနိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ပစ္စည်းအရည်အသွေးမြင့်မားရေးအတွက် ဦးစီးဌာနက သတ်မှတ်ချက်ဖြင့် လွှဲပြောင်းပေးသော နည်းပညာရပ်များကိုရယူခြင်း၊

(ခ) မိမိထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို နိုင်ငံခြားဈေးကွက်များသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းဖြင့် ရရှိသော နိုင်ငံခြားငွေများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ကုန်ကြမ်း၊ စက်နှင့် စက်ကိရိယာ အရန်ပစ္စည်းများ ဝယ်ယူနိုင်ခွင့်ရှိခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက် လေ့လာခြင်း၊ ဆွေးနွေးပွဲ တက်ရောက်ခြင်း၊ သင်တန်းတက်ရောက်ခြင်း၊

(င) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပမှကျွမ်းကျင်သူများ၏ အကူအညီရယူနိုင်ခြင်း၊

(စ) ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ချေးငွေများ၊ အထောက်အပံ့များရယူခြင်း၊

(ဆ) ဦးစီးဌာနနှင့် အစိုးရဌာနများက အခါအားလျော်စွာ သတ်မှတ်ပေးသော အခြားအခွင့်အရေးများကို ခံစားခွင့် ရှိခြင်း။

## အခန်း (၅)

## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) အခြေခံမူများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သောနည်းပညာရပ်များကို သတ်မှတ်ချက် ဖြင့်လွှဲပြောင်းပေးခြင်း၊

(ဂ) အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ တီထွင်စမ်းသပ်ခြင်းနှင့် သုတေသနပြုလုပ်ခြင်းမှ ရရှိသော ရလဒ်များကို လုပ်ငန်းများတိုးတက်ရေးအတွက် အသုံးပြုစေခြင်း၊

(ဃ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ အခွန်သက်သာခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(င) ပြည်တွင်းပြည်ပ ကုန်ပစ္စည်းပြပွဲများတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော စံချိန်စံညွှန်းမီ ကုန်ပစ္စည်းများကို ပြသနိုင်ရန်နှင့် ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(စ) နှီးနှောဖလှယ်ပွဲများ ပြုလုပ်ခြင်း၊ ကျွမ်းကျင်သူများ စုစည်းပေးခြင်း၊ ပြပွဲပြိုင်ပွဲပြုလုပ်၍ ဆုများချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးပြုမှုတို့ ဘုဏ်ပူဇော်ခချီးမြှင့်ခြင်း၊

(ဆ) ပြည်တွင်းပြည်ပ ချေးငွေများနှင့် ထောက်ပံ့ကြေးများ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဇ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စုပေါင်းလုပ်ကိုင်နိုင်ရန် အသင်း၊ အဖွဲ့ ဖွဲ့စည်းပေးခြင်း၊

(ဈ) သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား တို့ မှ တစ်ဆင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို အများပြည်သူတို့ သိရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း။

၁၀။ ညွှန်ကြားရေးမှူးချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မှတ်ပုံမတင်သည်ဖြစ်စေ မည်သည့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကိုမဆို ဝင်ရောက်စစ်ဆေးခြင်း၊ စာရင်းများတောင်းခံခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သောအမိန့် သို့မဟုတ် ညွှန်ကြား ချက်ကို မလိုက်နာသော လုပ်ငန်းရှင်၏ မှတ်ပုံတင်ကို ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဃ) မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနရှိ အရာရှိ တစ်ဦးဦး အား ဖြစ်စေ၊ အဖွဲ့အား ဖြစ်စေ လွှဲအပ်၍ ဆောင်ရွက်စေခြင်း။

## အခန်း (၆)

## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၁၁။ ဝန်ကြီးသည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ အောက်ပါအမိန့်များကို ချမှတ်နိုင်သည်—

(က) မှတ်ပုံတင်ပေးခြင်း၊

(ခ) မှတ်ပုံတင်ခြင်းကို ဆိုင်းငံ့ခြင်း၊

(ဂ) မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခြင်း။

၁၂။ ဝန်ကြီးသည်—

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် အစီအမံများ ချမှတ်နိုင်သည်၊

(ခ) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ကြီးကြပ်နိုင်ရန် လိုအပ်သည့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ အကြံပေးပုဂ္ဂိုလ်များကို ခန့်ထားခြင်း ပြုနိုင်

သည်။ ထိုသို့ဖွဲ့စည်းခြင်း၊ ခန့်ထားခြင်း ပြုပါက ယင်းအဖွဲ့နှင့် အကြံပေးပုဂ္ဂိုလ်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၁၃။ ဝန်ကြီးသည်—

(က) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဟုတ်မဟုတ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက အဆုံးအဖြတ် ပေးရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၁၄။ ဝန်ကြီးသည် လုပ်ငန်းရှင်က တင်သွင်းလာသော အယူခံမှုကို အဆုံးအဖြတ် ပေးရမည်။

## အခန်း (၇)

## မှတ်ပုံတင် ပျက်ပြယ်ခြင်း

၁၅။ အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့်အခါ မှတ်ပုံတင် ပျက်ပြယ်သည်—

(က) မှတ်ပုံတင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လုပ်ငန်းရှင်က မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးပါရန် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင် ပယ်ဖျက်ခံရခြင်း၊

(ဃ) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လုပ်ငန်း ရပ်စဲခံရခြင်း။

## အခန်း (၈)

## အယူခံခြင်း

၁၆။ လုပ်ငန်းရှင်သည် ညှိနှိုင်းကြားနာရေးအဖွဲ့ချုပ်က ချမှတ်သည့် အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၁၇။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၉)

## တားမြစ်ချက်နှင့် ပြစ်ဒဏ်

၁၈။ လုပ်ငန်းရှင်သည်—

(က) ပုဒ်မ ၇ ပါ တာဝန်သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ပုဒ်မ ၈ ပါ ခံစားနိုင်ခွင့် တစ်ရပ်ရပ်ကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားပြုခြင်း မပြုလုပ်ရ၊

(ဂ) နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ ကုန်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်း၊ အစိုးရဌာနနှင့် စီးပွားရေးအဖွဲ့အစည်း တစ်ရပ်ရပ်မှ ဝယ်ယူရရှိသော ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းကုန်ကြမ်း၊ စက်၊ စက်ကိရိယာ အရန်ပစ္စည်းများကို တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အလွဲသုံးစားပြုခြင်း မပြုလုပ်ရ။

၁၉။ ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော လုပ်ငန်းရှင်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ခြင်း ခံရမည်—

(က) သတိပေးခြင်း၊

(ခ) ကျပ်တစ်သောင်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း၊

(ဂ) မှတ်ပုံတင်ကို နှစ်အကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်ကို ပယ်ဖျက်ခြင်း။

၂၀။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ လုပ်ငန်းရှင်အား ပုဒ်မ ၁၉ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်က တပ်ရိုက်သော ဒဏ်ကြေးငွေကို သက်ဆိုင်ရာ လုပ်ငန်းရှင်က ပေးဆောင်ရန်ပျက်ကွက်လျှင် ယင်းဒဏ်ကြေးငွေကို အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ ဦးစီးဌာနက ကောက်ခံရမည်။

## အခန်း (၁၀)

### အထွေထွေ

၂၂။ ဤဥပဒေအရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်သည် တည်ဆဲပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အရေးယူတရားစွဲဆိုခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည်—

(က) လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

(အမိန့်အမှတ် ၁/၉၁)

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## (အမိန့်အမှတ် ၁/၉၁)

### ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

### (၁၉၉၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

**ဝန်ထမ်းများ ပါတီနိုင်ငံရေးနှင့် ကင်းရှင်းစွာ ပြုမူနေထိုင်ခြင်းဆိုင်ရာ အမိန့်**

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ရယူပြီးနောက် အများပြည်သူတို့၏ ဆန္ဒနှင့်အညီ တိုင်းပြည်၏ နိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲရာတွင် တစ်ပါတီစနစ်မှ ပါတီစုံစနစ်ကို ကူးပြောင်းနိုင်ရေးအတွက် တစ်ပါတီစနစ်ကို အကာအကွယ်ပြုထားသော ဥပဒေများကို ပယ်ဖျက်ပြီး လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်း၍ အခြေချလမ်းခင်းပေးလျက် ရှိသည်။

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်မယူမီ ကာလကပင် ယခင် နိုင်ငံတော်ကောင်စီသည် ၁၆-၉-၈၈ ရက်စွဲပါ ကြေညာချက် အမှတ် ၁၄/၈၈ ကို ထုတ်ပြန်လျက် ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည် ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးသည့် အစဉ်အလာနှင့်အညီ ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးပါတီ အဖွဲ့အစည်းဝင်မျှ မဖြစ်စေရဟု တားမြစ်ခဲ့ပြီးဖြစ်သည်။

၃။ တည်ဆဲ ဝန်ထမ်း ကျင့်ဝတ်နည်းဥပဒေများတွင် ဝန်ထမ်းများသည်—

(က) မည်သည့်ပါတီနိုင်ငံရေးကိုမျှ မပြုလုပ်ရ။ ထို့ပြင် ပါတီနိုင်ငံရေးလှုပ်ရှားမှုအတွက် ငွေကြေးအကူအညီပေးခြင်း၊ အခြားနည်း ထောက်ပံ့ကူညီခြင်းတို့ကိုလည်း မပြုလုပ်ရ၊

(ခ) မည်သည့် ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင်မျှ မပါဝင်ရ၊

(ဂ) မိမိအား မှီခိုနေသူများ၊ မိမိက အုပ်ထိန်း စောင့်ရှောက်ထားသူများသည်လည်း နိုင်ငံတော်အစိုးရအား ဆန့်ကျင်လှုပ်ရှားမှုမှန်သမျှတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပါဝင်စေရန် တားမြစ်ရမည်၊

(ဃ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားခြင်း မဟုတ်သည့် ဝန်ထမ်းဆိုင်ရာ အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ စသည်တို့တွင် မပါဝင်ရ၊

ဟူ၍ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်သည်။

၄။ သို့ဖြစ်၍ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေး တပ်ဖွဲ့ဝင်များ၊ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော ဝန်ထမ်းများသည် အထက်အပိုဒ် ၃ တွင် ဖော်ပြထားချက်များနှင့်အညီ ပါတီ နိုင်ငံရေးနှင့် လုံးဝကင်းရှင်းစွာ ပြုမူနေထိုင်ကြရမည်။ ဤအမိန့်ကို ဖောက်ဖျက် ကျူးလွန်သူ ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

၅။ ဤအမိန့်သည် ဥပဒေကဲ့သို့ အာဏာတည်စေရမည်။

(အမိန့်အမှတ် ၂/၉၁)

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

# (အမိန့်အမှတ် ၂/၉၁)

၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
( ၁၉၉၁ ခုနှစ်၊ မေလ ၁၁ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေပုဒ်မ ၈ နှင့် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များအရ တက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် တက္ကသိုလ်ကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း ပေးလိုက်သည်—

၁။ တိုင်းမှူး .... ဥက္ကဋ္ဌ
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

၂။ ဦးအောင်သိန်း .... ဒုတိယဥက္ကဋ္ဌ
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၃။ ဦးမျိုးဆွေ .... အဖွဲ့ဝင်
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၄။ ဒုတိယ ဥက္ကဋ္ဌ .... အဖွဲ့ဝင်
စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့

၅။ ညွှန်ကြားရေးမှူး .... အဖွဲ့ဝင်
ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး

၆။ ညွန်ကြားရေးမှူး .... အဖွဲ့ဝင်
ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး

၇။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန

၈။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

၉။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး

၁၀။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
ဝန်ထမ်းရေးရာဦးစီးဌာန

၁၁။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
ကျန်းမာရေး လုပ်သားအင်အားဦးစီးဌာန

၁၂။ ညွှန်ကြားရေးမှူးချုပ် .... အဖွဲ့ဝင်
စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန

၁၃။ ပါမောက္ခချုပ် .... အဖွဲ့ဝင်
ရန်ကုန် တက္ကသိုလ်

၁၄။ ပါမောက္ခချုပ် .... အဖွဲ့ဝင်
မန္တလေး တက္ကသိုလ်

၁၅။ ပါမောက္ခချုပ် .... အဖွဲ့ဝင်
ပညာရေးတက္ကသိုလ် (ရန်ကုန်)

၁၆။ ပါမောက္ခချုပ် .... အဖွဲ့ဝင်
ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

၁၇။ တိုင်းမှူးက ရွေးချယ်ပေးသော .... **အဖွဲ့ဝင်**
**ပညာရေးနှင့် ဆက်နွယ်သည့်နိုင်ငံသားများ**
**(အထူးသဖြင့် တိုင်းရင်းသား လူမျိုးများ)**

၁၈။ ဒုတိယ ပါမောက္ခချုပ် .... အတွင်းရေးမှူး
ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ
ဖွံ့ဖြိုးရေးတက္ကသိုလ်

၁၉။ ဌာနမှူး (စီမံ) .... တွဲဖက်
ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများ အတွင်းရေးမှူး
ဖွံ့ဖြိုးရေးတက္ကသိုလ်

(အမိန့်အမှတ် ၃/၉၁)

# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်

## (အမိန့်အမှတ် ၃/၉၁)

၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်

( ၁၉၉၁ ခုနှစ်၊ မေလ ၁၁ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဥပဒေပုဒ်မ ၁၉ အရ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရမည့် အဖွဲ့အစည်းအဖြစ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ကို သတ်မှတ်ပေးလိုက်သည်။

(အမိန့်အမှတ် ၄/၉၁)

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## (အမိန့်အမှတ် ၄/၉၁)

၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်

( ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက် )

### ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှုနှင့်ပတ်သက်သော ပြစ်မှုများကို သတ်မှတ်သည့် အမိန့်

၁။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ည) တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာသော ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့် ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခံရခြင်း ဖြစ်ပါက လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပြစ်မှုတစ်စုံတစ်ရာဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များသည် အဆိုပါ ဥပဒေ ပြဋ္ဌာန်းချက်အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် ရှိ မရှိနှင့် စပ်လျဉ်း၍ ယင်းတို့ ကျူးလွန်ခဲ့သော ပြစ်မှုသည် ငြိမ်ဝပ်ပိပြားမှုနှင့် သော်လည်းကောင်း၊ အကျင့်စာရိတ္တပျက်ပြားမှုနှင့် သော်လည်းကောင်း စပ်လျဉ်းသည့် ပြစ်မှု ဟုတ် မဟုတ် သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုနှင့် အကျင့်စာရိတ္တပျက်ပြားမှု

ဆိုင်ရာ ပြစ်မှုအမျိုးအစားများကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အောက်ပါအတိုင်း သတ်မှတ်လိုက်သည်—

(က) ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများ

(၁) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု၊

(၂) နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင် ပြုလုပ်မှု၊

(၃) နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့် စပ်လျဉ်း၍ ထိမ်ချန်ခြင်း၊

(၄) ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရ ပြစ်မှုများ၊

(၅) အစိုးရလျှို့ဝှက်ချက် အက်ဥပဒေအရ ပြစ်မှုများ၊

(၆) လက်နက်မှုများ၊

(၇) ပြည်ပသို့ တရားမဝင်ထွက်ခွာမှု၊ ပြည်ပမှ တရားမဝင် ဝင်ရောက်မှု၊

(ခ) အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုများ

(၁) ခိုးမှု၊

(၂) လုယက်မှု၊

(၃) ဓားပြမှု၊

(၄) လိမ်လည်မှု၊

(၅) အလွဲသုံးစားမှု၊

(၆) မယားခိုးမှု၊

(၇) မုဒိမ်းမှု၊

(၈) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ အနိုင်အထက် ခိုင်းစေမှု၊
(၉) အမျိုးသမီး ကာယိန္ဒြေပျက်စီးစေရန် အကြံနှင့် လက်ရောက်မှု (သို့မဟုတ်) အနိုင်အထက်ပြုမှု၊
(၁၀) ပင်္ဂိသန္ဒေဆိုင်ရာ ပြစ်မှုများ၊
(၁၁) ပြည့်တန်ဆာနှိပ်ကွပ်ရေး အက်ဥပဒေအရပြစ်မှု၊
(၁၂) ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေအရ ပြစ်မှုများ၊
(၁၃) လောင်းကစားဥပဒေအရ ပြစ်မှုများ၊
(၁၄) အဂတိလိုက်စားမှု၊
(၁၅) ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေအရ ပြစ်မှုများ၊
(၁၆) အများပိုင်ပစ္စည်း ကာကွယ်သည့် ဥပဒေအရ ပြစ်မှုများ၊
(၁၇) နိုင်ငံခြားငွေ လဲလှယ်မှုဆိုင်ရာ ပြစ်မှုများ၊
(၁၈) နိုင်ငံတော်အလံ ဥပဒေအရ ပြစ်မှုများ၊
(၁၉) ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေအရ ပြစ်မှုများ၊
(၂၀) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေအရ ပြစ်မှုများ။

(အမိန့်အမှတ် ၅/၉၁)

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အမိန့်

## ( အမိန့်အမှတ် ၅/၉၁ )

၁၃၅၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

( ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ သည် ဦး ခင်ဝင်း အား ယနေ့မှစ၍ ဒုတိယ စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်လိုက်သည်။

( ကြေညာချက်အမှတ် ၁/၉၁ )

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက်

## (ကြေညာချက်အမှတ် ၁/၉၁)

၁၃၅၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်

( ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ပိုမိုသွက်လက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဗိုလ်ချုပ်မှူးကြီး စောမောင် တာဝန်ယူထားသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝန်ကြီး တာဝန်ကို ဦးအုံးကျော်အား ယနေ့မှစ၍ လွှဲပြောင်းတာဝန်ပေးအပ်ကြောင်း ကြေညာလိုက်သည်။

ပစါလ/၂၀၃၇/၉၁/ပြည်သူ့လွှတ်တော်ရုံး/၈၀၀၀ + ၃၅/၉၂/မနလစ။

[illegible]
စာအုပ်အမှတ် [illegible]
ရက်စွဲ
[illegible]

ပြည်သူ့လွှတ်တော်
စာအမှတ်.......................
နေ့စွဲ.......................